စိတ်ကူးချိုချိုအနုပညာ

# ဟနိုင်ငံ

မင်းနွယ်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

‘ဟိုတုန်းကလဲ မျက်နှာချီသွားရ–ဒီတုန်းကလဲ မျက်နှာချီသွားရဆိုရင်–ကျုပ်တို့နိုင်ငံဟာ(ဖါနိုင်ငံ)ဖြစ်မှာဘဲ’ —— ဟု တခါက–ဗိုလ်ချုပ်သည် ဤသို့ ပြောခဲ့ဘူး၏။ ဗိုလ်ချုပ် ဆိုလိုသည်မှာ–နယ်ချဲ့ အများတွေ လာတိုင်း မျက်နှာချီ သွားနေရသည့် နိုင်ငံ ငယ်ကလေး တခု၏ ခေတ်ကျ နောက်ကျ ဘဝကို ရည်ညွှန်း ပြောဆိုခြင်းသာ ဖြစ်လေ သည်။

အကယ်၍–စာရှုသူသည်၊ ဗိုလ်ချုပ် –ဆိုလိုသော (ဖါနိုင်ငံ)မျိုးထက် ဆယ်ဆမက ဆိုးဝါးစက်ဆုပ် ရွံရှာ ဘွယ်ကောင်းသော(ဖါနိုင်ငံ)ကလေး တနိုင်ငံ အကြောင်း ကို၎င်း၊ ‘ရှင်ဖယ်’(ခေတ်အခေါ်အဝေါ်အားဖြင့်) ‘လွှင်မို ကြီး’ ကိုင်ထားသူ မြင်တိုင်းကို မျက်နှာချီ သွားနေရရှာ သော(ဖါနိုင်ငံ) တခု၏ ကျောပွဲများ၏ဒုက္ခကို၎င်း၊ စိတ်ပါ ဝင်စားစွာ သိလိုပါက၊ ဤစာအုပ်ကို ဖတ်ပါဟူ၍သာ တိုက်တွန်းလိုပါသည်။

သာခု

# ဖါနိုင်ငံ

## မင်းနွယ်

NF0056

2,200.00 KS

mgyoe.com

မျက်နှာဖုံး - ပထမအကြိမ်ထုတ် မျက်နှာဖုံးသန်းချီအား ပြန်လည်ဆန်းသစ်ခြင်း။

mgyoe.com

ဟနိုင်ငံ၊ မင်းနွယ်
တမျက်နှာ ၁၇၁+ မျက်နှာ၊ ၁၆ စင်တီ× ၁၇·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဦးသိန်းခင်အောင်၊ ဖြူ အော့ဖ်ဆက်(၀၁၂၇၄)၊ အမှတ် ၁၅၄၊ ဗိုလ်ချုပ်လမ်း၊ မကွေးမြို့။
၂၀၁၇၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၅၁ သဟာရစာပေရိပ်သာ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဟာနိုင်ငံ

## မင်းနွယ်

ရှုမီးမပျက်စာပေ ၂၀၁၅

mgyoe.com

mgyoe.com



# သူ

မင်းဘူးဒိုင်ကြိတ်- လယ်ကိုင်းတွင် မွေးသည်၊ငယ်စဉ်ကပင် အောက်မြို့ကြီးများဖြစ်သော စစ်တွေ၊ ထားဝယ်၊မြိတ်၊ဖျာပုံ၊ခမြောင်းငြုံ၊ဟင်္သာတ၊သထုံ၊မအူပင်၊ကျိုက်လတ်၊မြောင်းမြ၊…စသော မြို့တို့တွင်နေခဲ့၍၊ရန်ကုန်တွင် ပညာသင်ခဲ့သည်။

အထက်မြန်မာပြည်၊ မန္တလေးမြို့တွင် ဆက်လက်ပညာသင်ရာမှ-ခရိုင်ချောင်း၊ချောက် တို့တွင် ကျောင်းဆရာလုပ်ခဲ့သည်။

စာပေနယ်ပယ်သို့-၁၉၃၅-ခုနှစ်က ဂျာနယ်ကြီးကြီးဝင်ခဲ့ရာမှ၊ယခု အခိုက် အတန့် ဝင်ရောက်ခြင်းဖြစ်သည်။

ဇာတိ ကျေးလက်မှ ဤစာအုပ်ရေးချိန်တွင် ကျေးလက် တပည့်ကလေးများနှင့် လာရောက်ခါနေပြီး၊ ဤစာအုပ်အပြီးတွင် ပြန်ကြလေပြီ။

သူကား ကျေးလက်ကို အလွန်ခင်မင်သည်။

ယခုအချိန် ကျေးလက်များတွင် ခံစားနေရမှုများကို သူတို့အစား ဤစာအုပ်ဖြင့် ပြောပြခြင်းဖြစ်သည်။

သူတို့ ရန်ကုန်ဘွင်နေရန် ပြောသော အခါများတွင် "ဟန်ဆောင်မှု-ပကာသနမှုတွေနဲ့ တန်ဆာဆင်ပြီး မြို့မှာ နေရမှုထက်၊ ဒါတွေနည်းပါးတဲ့ ကျေးလက်မှာဘဲ နေပါရစေ"….ဟုပြောရှာသည်။

သူဟာယ

mgyoe.com

mgyoe.com

ကျွန်ုပ်နှင့်ထပ်တူ ပြည်တွင်းစစ်ဒဏ်ကို
မရှုမလှ ခံစားနေကြရသော
ကျေးလက်သူကျေးလက်သားများသို့ ...

မင်းနွယ်

mgyoe.com

mgyoe.com

[ ပြည်တွင်းခရီးသွားမှတ်တမ်း ]

mgyoe.com

mgyoe.com



# သိလိုပါက ...

"ဟိုလူလာလည်း မျက်နှာချိုသွေးရ၊ ဒီလူလာလည်း မျက်နှာချိုသွေးရဆိုရင် ကျုပ်တို့နိုင်ငံဟာ (ဖာနိုင်ငံ) ဖြစ်မှာပဲ"

တစ်ခါက ဗိုလ်ချုပ်သည် ဤသို့ ပြောခဲ့ဖူး၏။ ဗိုလ်ချုပ်ဆိုလိုသည်မှာ နယ်ချဲ့သမားတွေလာတိုင်း မျက်နှာချိုသွေးနေရသည့် နိုင်ငံငယ်ကလေးတစ်နိုင်ငံ၏ အောက်ကျနောက်ကျဘဝကို ရည်ညွှန်းပြောဆိုခြင်းသာ ဖြစ်လေသည်။

အကယ်၍ စာရှုသူသည် ဗိုလ်ချုပ်ဆိုလိုသော ဖာနိုင်ငံမျိုးထက် ဆယ်ဆမက ဆိုးဝါးစက်ဆုပ်ရွံရှာဖွယ်ကောင်းသော ဖာနိုင်ငံကလေးတစ်နိုင်ငံအကြောင်းကိုလည်းကောင်း၊ 'ရိုင်ဖယ်'(တောအခေါ်အဝေါ်အားဖြင့်) 'လှိုင်ဖိုကြီး' ကိုင်လာသူမြင်တိုင်းကို မျက်နှာချိုသွေးနေရရှာသော ဖာနိုင်ငံတစ်ခုမှ ကျောမွဲများ၏ ဒုက္ခကိုလည်းကောင်း၊ စိတ်ပါဝင်စားစွာ သိလိုပါက ဤစာအုပ်ကို ဖတ်ပါဟူ၍သာ တိုက်တွန်းလိုပါသည်။

သာရ

mgyoe.com

mgyoe.com


မင်းနွယ်၏ 'ဖာနိုင်ငံ'ကို ရန်ကုန်မှာဆိုလျှင် ဖတ်ဖြစ်မည် မထင်ပါ။ လေကြောင်းခရီးဖြင့်သွားစဉ် ကြုံကြိုက်၍ အပြီး ဖတ်နိုင်သည်။

နေရာကျသည်မှာ မင်းနွယ် ရေးသားခြယ်လှယ်ပြသော ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ မိတ္ထီလာ၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ ဆင်ဖြူကျွန်း၊ မင်းဘူး၊ တောင်တွင်း စသော နယ်တွေကို သူ့စာအုပ်ကိုင်ရင်း ရောက်ခဲ့ရသည်။

'ဖာနိုင်ငံ' အချက်သုံးချက်ကို ကျွန်တော် တင်စားမိသည်။

(၁) မင်းနွယ်သည် 'ဖာနိုင်ငံ'အဖြစ်သို့ မရောက်စေလိုသော စေတနာဖြင့် 'ဖာနိုင်ငံသားတစ်ဦး'အနေ တာဝန်ကျေလိုက်ပြီ။

(၂) လူထု တစ်စိတ်တစ်ဒေသ ပစ္စက္ခစိတ်အနေကို သဘာဝကျသောနည်းဖြင့် ရေးထုတ်ခြင်းနည်း ဖြစ်သည်။ ထို့ကြောင့် ကျေးဇူးတင်မိသည်။

(၃) ရေးဖော်တစ်ယောက်အနေနှင့်လည်း အားကျမိသည်။ စာပေသစ်သည် ဟောင်းသည်ဟု အငြင်းပွားကာ နေသောအချိန်တွင် Non-Fiction ခေါ် ဇာတ်လမ်းလွတ် စာတစ်စောင်ကို အဆန်းထွင်ကာ ပေါက်သွင်းဝံ့ခြင်းကို မချီးကျူးဘဲ မနေနိုင်တော့ပါ။

မင်းနွယ်သည် ဤမည်သော (လူတွေအတွက် လူပီပီ) စာတစ်အုပ်ရေး၍ပြီးလျှင် နယ်အနှံ့အပြားသို့ ဤစာအုပ် ရောက်ပါစေဟု ဆုတောင်းမိသည်။ ။

နန္ဒ

mgyoe.com

mgyoe.com

## စစ်ကိုမုန်းတီးသော စာအုပ် ...

'ဖာနိုင်ငံ' စာအုပ်ကို ပြည်တွင်းစစ် ခရီးသည်မှတ်တမ်း အဖြစ်ဖြင့် တွေ့မြင်ရပေသည်။ စာရေးဆရာ မင်းနွယ်သည် သူ၏ တွေ့ကြုံခံစားရချက်များကို ရိုးရိုးသားသားအမြင်ဖြင့် ရေးသားထားသည်ဟုပင် ယုံကြည်ရပေသည်။ သို့သော် သူ၏ အတွေ့အကြုံများပေါ်တွင် ယေဘုယျလက္ခဏာနှင့် သီးခြား လက္ခဏာနှစ်ရပ်ကို စာရေးသူသည် ခွဲခြားမြင်ဟန် မတူပေ။

စာအုပ်တစ်အုပ်လုံးကို ခြုံကြည့်ရာ၌ ချစ်စရာကောင်း သော အချက်တစ်ခုမှာ မင်းနွယ်၏ 'စစ်ကိုမုန်းတီးသော စာအုပ်'ပင် ဖြစ်သည်။ စစ်ကိုမုန်းတီးသောဆန္ဒကား ချစ်စရာ လည်း ကောင်း၊ မွန်လည်း မွန်မြတ်သောဆန္ဒဖြစ်ပေသည်။ သို့သော် ဘယ်သူကြောင့် စစ်ဖြစ်ရသနည်း ဟူ၍ စစ်တရားခံ အစစ်ကိုကား စာရေးသူသည် ရှာတွေ့ဟန် မတူသေးပေ။ ထို့ကြောင့်လည်း ဤစာအုပ်တွင် ပြည်တွင်းစစ်၏ သရုပ်များ နှင့် သဏ္ဌာန်များကို ခွဲခြားမတွေ့ရှိရုံမျှမကသေး ပြည်တွင်း စစ်အပေါ် သူ၏အမြင်များသည် တည်ငြိမ်မှုကင်းစွာနှင့် ထိတ်ထိတ်ပျာပျာ ရှိလွန်းလှသည်ကို တွေ့ရပေသေးသည်။

ဘယ်သူမဆို စစ်တရားခံအစစ်ကို ရှာဖွေမတွေ့သေး သရွေ့ ကာလပတ်လုံး စစ်ခေတ်တစ်ခုမှ ငြိမ်းချမ်းရေးခေတ် တစ်ခုသို့ ကူးပြောင်းနိုင်ရန်အတွက် 'စစ်ကို စစ်နှင့်ဆန့်ကျင်ရ မည်'ဟူသော အမြင်မှန်ကို ပြတ်ပြတ်သားသား မြင်နိုင်ကြဦး မည် မဟုတ်ချေ။ ။

မြင့်ဆွေ

mgyoe.com

mgyoe.com





ဆရာမင်းနွယ်၏ စာအုပ်ကဲ့သို့ တိုင်းပြည်၏ အခြေအနေမှန်ကို ထုတ်ဖော်ပေးနိုင်သော စာအုပ်မျိုးတွေ အများအပြား ပေါ်ထွက်လာပါစေဟု ဆုတောင်းလျက် ရှိပါသည်။ ။

မောင်တင်မောင်
တိုင်းရင်းမေဂျာနယ်

မင်းနွယ်၏ 'ဖာနိုင်ငံ'ဆိုသောစာအုပ်ကို ဖတ်ကြည့်မိရာတွင် အရသာတစ်မျိုးကို ခံစားရသည်။ ဟောသားတစ်ဦး တွေ့ကြုံရသော အဖြစ်အပျက်ကို မကွယ်မဝှက် ရေးထားရာ ပွင့်ပွင့်လင်းလင်းရှိသောကြောင့်လည်း စာဖတ်ရင်း အရသာ တစ်မျိုးခံစားရသည်ဟု ဆိုလိုသည်။ ။

စိုးမောင်
တာဝန်ခံအယ်ဒီတာ
မြန်မာ့အလင်းသတင်းစာတိုက်

'ဖာနိုင်ငံကို ကျွန်တော်မြင်ရသည်မှာ 'ဖာနိုင်ငံ' ပီသလုလု ရှိနေဆဲ ဖြစ်၏။ ယခု မင်းနွယ်၏ 'ဖာနိုင်ငံ'သည် ကျွန်တော်တို့၏ 'ဖာနိုင်ငံ' ဖြစ်၏။ လူရွယ်တစ်ဦး၏ 'ဖာနိုင်ငံ'ကို သင်ကလည်း လေ့လာသုံးသပ်လေဦး။ ။

ရွှေခား

mgyoe.com

mgyoe.com

## နောင်တစ်ခေတ်အတွက် သရုပ်ပြမှတ်တိုင် ...

နာမည်ကတော့ ကြမ်းနေသည်ဟု မဖတ်မီကပင် ဝေဖန်နေကြပေမည်။ သို့သော် ကိုမင်းနွယ်က ဗိုလ်ချုပ်အောင်ဆန်း ပြောသွားသည့် စကားလုံးကလေးဖြင့် လက်တွေ့ ဗမာပြည်ဖြစ်နေပုံကို သရုပ်ဖော်ချင်လွန်းလို့ပါဟုဆိုသဖြင့် ကျွန်တော်ကား ထောက်ခံမိသည်။

အကြောင်းအရာတစ်ခုကို ခရေစေ့တွင်းကျ သိအောင် လေ့လာပြီးမှ ကိုယ်တွေ့မျက်မြင် တင်ပြထားသော ဤ 'ဖာနိုင်ငံ' သို့မဟုတ် ခေတ်၏သမိုင်း သို့မဟုတ် ဗမာ့ရာဇဝင် ကဏ္ဍသစ်ကြီးအား ရဲရင့်စွာ သရုပ်ဖော်ထားသော ဤစာအုပ်အား ကျွန်တော် လေးစားမိပေသည်။

နောင်တစ်ခေတ်အတွက် ဗမာ့ရာဇဝင်ခေတ်၏ သရုပ်ပြမှတ်တိုင်များကို ပြုစုဖော်ထုတ်ရန် လိုအပ်နေသည့်အချိန်တွင် ကိုမင်းနွယ်က ဤသို့ ရှာဖွေစုဆောင်းကာ လူ့ဘောင်၏ ဂန္ထဝင်မြောက် လက်တွေ့သင်ခန်းစာများအား ဖော်ထုတ်နိုင်ခြင်းကိုလည်း ချီးကျူးလိုက်မိပေသည်။ ။

ညိုဝင်း

ကလောင်စုံ

mgyoe.com

mgyoe.com





'ဖာနိုင်ငံ'ဟု စာအုပ်အမည် ခပ်ကြမ်းကြမ်းပေးထားသဖြင့် ဧကန္တ လက်ရှိပြည့်တန်ဆာလောကကို ရေးခြယ်ပြထားလိမ့်မည်ဟု ထင်မှတ်ခဲ့လေသည်။ သို့သော် ဖာနိုင်ငံစာအုပ်ရဲ့ အကြောင်းအရာများက ကျွန်တော် ထင်မြင်သလိုမဟုတ်ပေ။

ဦးမင်းနွယ်က သူ၏ 'ဖာနိုင်ငံ'စာအုပ်ထဲတွင် ခရီးသွားရင်း၊ လေ့လာရင်း၊ တွေ့ဆုံကြုံခဲ့သည့် ပစ်စလက်ခတ် တိုင်းပြည်၏ ကမောက်ကမ ဖြစ်နေချက်တို့ကို ဗရုတ်ဗရက်နှင့် အလွန်အောက်တန်းကျ ပျက်စီးနေသော ဖာသည်တွေကို မြင်ထားဟန်တူ၏။ ထို့ကြောင့်လည်း ပျက်စီးနေသည်ဟု အထင်ရှိနေသော ဤနိုင်ငံကို 'ဖာနိုင်ငံ'ဟု ပညတ်ခြင်းဖြစ်ဟန်တူပေသည်။

ဤ 'ဖာနိုင်ငံ'စာအုပ်ထဲမှာပင်။ ဦးမင်းနွယ်က သူ၏ တိုင်းပြည်ကို ပြုပြင်ပြောင်းလဲစေချင်သော အယူအဆ ဆန္ဒများကို ကြိုးကြားကြိုးကြား ထည့်၍ ဆွေးနွေးထားသည်ကိုလည်း တွေ့ရလေသည်။

မည်သို့ဖြစ်စေ 'ဖာနိုင်ငံ'သည် အပျက်တွေကိုမြင်ပြီး ထိုအပျက်တွေကို ရိုးသားစွာ ပြုပြင်ပြောင်းလဲ၍ ပြောင်းလဲလိုသည့် ဆန္ဒရှိသူများအဖို့တော့ များစွာ နှစ်သက်ခြင်းရှိပေလိမ့်မည်ဟု ထင်ရပေသည်။ ။

မြင့်မောင်

mgyoe.com

mgyoe.com





တရုတ်ပြည်တော်လှန်ရေး အနှစ် ၂၀ ကျော် ခရီးတာအတွင်း လက်တွေ့လုပ်ငန်းများသည် လက်ဝဲလက်ယာသမား သွေဖည်မှုများဖြင့် ဖြတ်ကျော်ခဲ့ရလေသည်။ သဘောတရားရေးဆရာကြီး 'ဂျင်မီရှီ' သည်လည်း ကိုမင်းနွယ်ကဲ့သို့ပင် အလတ်တန်းစား လယ်သမားလူထုတို့အတွက် ရှေ့နေလိုက်ခဲ့ဖူးလေသည်။ (သို့သော် တစ်ခုတော့ ကွာခြားသည်။ ကိုမင်းနွယ်သည် လူထုအတွင်းမှ လူထုအမြင်မျက်စိဖြင့် ဖော်ပြပေး၍ 'ဂျင်မီရှီ'ကတော့ သဘောတရားရေးဆရာတစ်ယောက်အနေဖြင့် ဖော်ပြချက်ပင် ဖြစ်သည်။) အကြောင်းမှာ တော်လှန်ရေး၏ မဟာမိတ်များကို လွဲမှားခွာထွက်ခြင်းအားဖြင့် တန်ပြန်တော်လှန်ရေးဖြစ်စေသောကြောင့် ဖြစ်လေသည်။

ခြွင်းချက်တော့ ရှိသည်။ ထိုဒေသတွင် ကိုမင်းနွယ်မြင်မိသော၊ မှားယွင်းချက်တို့မှာ ၁၉၄၈ ခုနှစ်က ဖြစ်လေရာ ဤစာအုပ်ထွက်ပေါ်လာသော ၁၉၅၂ ခု နှစ်ဆန်းလောက်တွင်မှ ခါးသီးသော တရုတ်ကိုယ်တွေ့ကို အဖိုးကြီးပေးဝယ်ကာ နည်းပရိယာယ်အသွယ်သွယ်ကို ပြုပြင်ပြောင်းလဲပြီးပြီဆိုခဲ့ပါလျှင် ... သို့သော် ဤစာအုပ်ကား အဖက်ဖက်က ဖတ်ရှု၍ အဖိုးမဆုံးသောစာအုပ်ဖြစ်သည်။ အကြောင်းမှာ အခြားတစ်ပိုင်းတွင် ဟာသပါသော ပြည်တွင်းစစ်အတွင်း ခရီးသွားမှတ်တမ်းတစ်ခုပင် ဖြစ်နေသောကြောင့်ပင်ကည်း။

မောင်ရည်အောင်

mgyoe.com

mgyoe.com


လွန်ခဲ့သည့် ၂၅ နှစ်ခန့်က မင်းနွယ်နှင့် ကျွန်တော် ကျောင်းအတူတူနေခဲ့ရသဖြင့် ထိုစဉ်က သျှောင်ထုံးကြီးနှင့် ကောင်ကလေး မင်းနွယ်ကိုပဲ ကျွန်တော့်မျက်စိထဲမှာ မြင်မြင်နေသဖြင့် သူ့ကို ငယ်စဉ်ကလို ချစ်သည်မှအပ သူ့စာပေကို အထင်မကြီးမိ၊ သျှောင်ထုံးနဲ့ ကောင်ကလေး ရေးတာပဲဟု သာ ထင်ထင်နေမိ၏။

သို့သော် သူရေးသည့် 'ပြည့်တန်ဆာလောက' ကို ကျွန်တော် ရိုက်နှိပ်ထုတ်ဝေပေးရသဖြင့် မလွှဲမရှောင်သာ၍ သေသေချာချာ ဖတ်ကြည့်ရသောအခါတွင်ကား အာဂ သျှောင်ထုံးကလေးပဲဟု ထင်လာတော့၏။

ယခု 'ဖာနိုင်ငံ' ကိုကား တမင်တလုပ်ပင် ဖတ်ကြည့်မိသည်။ ဖာနိုင်ငံ ထွက်ပေါ်ရေးအတွက် မင်းနွယ် ကြိုးပမ်းရာတွင် ကျွန်တော်လည်း တစ်စိတ်တစ်ဒေသ ပါဝင်ခဲ့၏။


'ကိုယ့် ငါးချဉ်မို့ ကိုယ်ချဉ်သည်' ဟု အပြောခံရခြင်းသည် ရှက်ဖွယ်အကောင်းဆုံးဖြစ်ကြောင်း ကျွန်တော် သိပါ၏။ သို့သော် ထိုရှက်ဖွယ်ဒဏ်ကိုပင် ငုံ့၍ခံကာ ဟုတ်တိုင်း မှန်ရာ ပြောချင်လှသဖြင့် ပြောရမည်ဆိုလျှင် ဖာနိုင်ငံသည် ဗမာစာပေလောကတွင် ယခင် ယခု နောင် ဘယ်တော့မှ မပေါ်ဖူးသော စာအုပ်ထူးပင် ဖြစ်ပေတော့သည်တကား။

ရန်အောင်

mgyoe.com

mgyoe.com

## သက်ဆိုင်ရာ သရုပ်ပြဓာတ်ပုံများ



ခရီးသည်မှ





ပြည်တွင်းစစ်ကြောင့် ဤသို့ဒုက္ခရောက်ကြရသည်



ပြည်တွင်းစစ်ကြောင့် ဤသို့သေကြရသည်




ဤသို့ တော်ကြ ပျက်စီးကြရသည်



mgyoe.com

mgyoe.com

ရဲစိတ်နဲ့ရဲမာန်။ ဘာမထီဇာနည်ဖွားပေမို့၊ အားကသန်သန်။ သူမသေ ငါသေရော့ရယ်လို့၊ မလျှော့တဲ့အဓိဋ္ဌာန်၊ ဝိုးတန်တဲ့စိတ်ထား။ ။ အစွန့်ငယ်ရှည်။ အညွန့်အမှန်ကြွေလို့၊ တို့မြန်ပြေ မှုအခင်းငယ်ကြောင့်၊ အာဇာနည် ညီနောင်ရင်းတို့မှာ၊ တင်းရန်မှုပွား။ ။



စပါးစပါးနဲ့၊
အစားတွက်ဤကမ္ဘာ။ ။
တို့ဗမာပြည်ထောင်စုကို၊
အားပြုကြရှာ။ ။
တသီတွေးရင်ဖြင့်၊
ပြည်ရေးက ဆင်မသာ။
ကျေးရွာကမရှင်း။ ။
တို့တိုင်းပြည် ဤလိုခေတ်မှာ။
ဖြစ်ပေါ့တာလင်း။ ။

[သက်ဆိုင်ရာ သရုပ်ပြဓာတ်ပုံများနှင့် ကျွန်တော်၏ စာအုပ်ကို ဖတ်ရှုကာ ထင်မြင်ချက်များ ပေးပို့ကြသည့် စာပေရောင်းရင်းတစ်စုအား မေ့နိုင်လိမ့်မည်မဟုတ်ပါ။]

mgyoe.com

mgyoe.com



နှုတ်ကြမ်း အာကြမ်း လျှာသရမ်း သူတို့ကို လူတိုင်းပင် ရွံကြ၊ ကြောက်ကြ၊ စက်ဆုပ်ကြတတ်သည်။

ယင်းကြောင့် ဤစာရေးသူက လူလားမြောက်သည့် အချိန်လောက်ကပင် စတင်ကာ နှုတ်အာကြမ်းတမ်းမှုကို အထူးဂရုပြုကာ ရှောင်ရှားဆင်ခြင်ခဲ့ပါသည်။ စာပေရေး သားရာတွင်လည်း စာကြမ်း ပေကြမ်းသည် အလင်္ကာဥပဒေ အရ ဂမ္ဘဒေါသ သင့်တတ်ရာ စာကြမ်းပေကြမ်းကို ရှောင် ရှားရပေမည်။

သို့သော် ဤစာအုပ်၏ မူလအမည် စဉ်းစားရာ၌ ဒေါသလွတ်၊ ဂိုဏ်းလွတ်သည့် 'ကိုယ်တွေ့ဒုက္ခသည်များ' ဟူသော အမည်တစ်မျိုး 'ပြည်တွင်းစစ်မှ ငြိမ်းချမ်းရေးသို့' ဟူသော အမည်တစ်မျိုးကို တွေးတောကြံဆမိပါသည်။

သို့သော်လည်း ကိုယ်မနှစ်သက်သည့်အမည် ဂိုဏ်း မလွတ်သည့် အမည်ဖြစ်သော ဤ'ဖာနိုင်ငံ'ကိုသာ အမည် တပ်လိုသောဆန္ဒ ပြင်းထန်နေပါတော့သည်။

ဘာကြောင့် ဤသို့ ပြင်းထန်ရသည်ဟူသော အချက် အလက်တို့ကား နောက်စာပေတွင် ဖတ်က သိနိုင်ပေမည်။

လူသည် ကိုယ်လုပ်လိုသော အလုပ်တစ်ခုကို ကောင်း သည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ကိုယ့်စိတ် ကျေနပ်

mgyoe.com

mgyoe.com


ဆင်ခြင်ပေးတတ်သော သဘောရှိရာ ဤစာရေးသူကလည်း ကိုယ်မှည့်ခေါ်လိုသည့် အမည်ကြမ်းကို ဤသို့ ဆင်ခြေပေးမိပါသည်။

**''ဒီစကားဟာ ... ငါက စပြီးသုံးတဲ့ စကားမှ မဟုတ်ဘဲ ဗိုလ်ချုပ်က သုံးထားတဲ့စကားပဲ၊ ဒီစကားလိုပဲ ဖော်လံဖားတို့၊ ဆိတ်လဖိဆိုတဲ့ စကားတွေတောင် ဗိုလ်ချုပ်သုံးခဲ့တော့... တိုင်းပြည်မှာ လူထုသုံးဝေါဟာရအဖြစ် ပြောင်းပြီး သူငါကအစ သုံးကြသေးတာပဲ''**ဟူသော ဆင်ခြေဝင်သည့်စိတ်သည် တဖိတ်ဖိတ်ပေါ်၍လာရကား ဤအမည်ကိုစွန့်၍ သုံးလိုက်ခြင်းဖြစ်ပါသည်။

တစ်ဖန် ကရုဏာတွင် ဒေါသရောင်စွက်၍ စေတနာအထူးသက်ရောက်သည့် ကာလများတွင် လူတို့သည် မိမိလိုသော စေတနာကတစ်မျိုး၊ မိမိစေတနာထားသလောက် စေတနာထားခံရမည့်သူက မဖြစ်သည့်အချိန်တွင် နှုတ်မှ စေတနာအလျောက် ရေရွတ်မိတတ်လေသည်။ မိဘက သားသမီးအားလည်းကောင်း၊ ဆရာသမားက တပည့်တပန်းအားလည်းကောင်း၊ အထက်လူက အောက်လူများအားလည်းကောင်း၊ တစ်ခါတစ်ရံ ဆက်ဆံရေးများတွင် တွေ့ရှိနိုင်သည်။ မိုးညှင်းဆရာတော် တရားပွဲကျင်းပစဉ်က ဆရာတော်ကြီးသည် ကရားနာတပည့်များအား ပြောဟော၍ နားမလည်နိုင်မှုကြောင့် 'ကမြင်းမရှိ'ဟူသည့် ဆဲရေးတော်မူလိုက်သည့်အခါ ပရိသတ်အားလုံးမှာ ပြုံးသူပြုံး၊ ရယ်သူရယ်နှင့် ဆရာတော်ကြီး၏ ကရုဏာဒေါသကို ပိုမိုလေးစားကြလေသည်။

mgyoe.com

mgyoe.com



ကျွန်ုပ်တို့နိုင်ငံတွင် ဘယ်ခေါင်းဆောင်နှင့်မျှ မတူသော နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦး ပေါ်ထွက်ခဲ့ဖူးသည်။ နိုင်ငံရေးဟူသော လုပ်ငန်းရပ်ကို မြန်မာပြည်တွင် စတင်ဆောင်ရွက်သည့်နေ့ကစ၍ ထိုခေါင်းဆောင်ကြီး လက်ထက်ထိ ပြောသူ၊ ဟောသူ ခေါင်းဆောင်ခေါင်းရွက်လုပ်သူတို့သည် မိမိတို့လုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် တိုင်းပြည်မှာ ဘယ်လို ဖြစ်ထွန်းနိုင်မည်။ တိုင်းသူပြည်သားတွေ ဘယ်လိုဘဝရောက်စေမည်ဟူသော ကိုယ်ရည်သွေးမှုအမျိုးမျိုး၊ လူထုကြိုက်ရန် အသွယ်သွယ်၊ နားဝင်ချိုသာအောင် ဖျောင်းဖျသိမ်းသွင်း ဟောပြောခဲ့ကြလေသည်။ ထိုခေါင်းဆောင်မှုကား မြှောက်မှုလည်းမပါ၊ ပင့်မှုလည်း မနှော၊ စိတ်တွင်ရှိသမျှသဘောနှင့် အမြင်တို့ကို ရှင်းရှင်းဘွင်းဘွင်းပင် ပြောရုံသာမက ဟောရာတွင်လည်း သူ့စေတနာ သူယုံကြည်လွန်းရကား လုံးဝ ဟန်ဆောင်မှု၊ လှည့်ပတ်မှုမရှိဘဲ ထင်သလိုပြော၊ ထင်သလိုဟောခဲ့လေသည်။

ထိုပုဂ္ဂိုလ် ပြောဟောစဉ်ကာလက ဤစာရေးသူပင်လျှင် ရုံဖန်ရုံခါ နားမဆံ့နိုင်ဘဲ အပြစ်ဆိုလိုသောစိတ်များ ပေါ်ခဲ့မိပါသည်။

ယခုအချိန်တွင်မူ သူပြောသော စကားရပ်တို့သည် တိုင်းပြည်ဖြစ်မှုပျက်မှုတို့နှင့် လုံးဝအလီလီ မျဉ်းသားသကဲ့သို့ ညီနေရကား ထိုပုဂ္ဂိုလ်သုံးစဉ်က ကြမ်းလှ ရမ်းလှသည်ဟု စိတ်မျက်ထားမိသော ဤစာရေးသူသည်ပင်လျှင် သူသုံးသောစကားသည် မှန်ကန်ကြောင်း လုံးဝထောက်ခံသည့် အနေဖြင့် ဤစာအုပ်ကို ရေးရပါသည်။

mgyoe.com

mgyoe.com


အထက်ဖော်ပြပါခေါင်းဆောင်ကား ကျွန်ုပ်တို့၏ မိးရှူး တန်ဆောင်ပမာ ခေါင်းဆောင်မှုကို တိုင်းရောပြည်ပါ ညီညာ ဖြဖြ စည်းလုံးရအောင် ပြုလုပ်စွမ်းဆောင်နိုင်သည့် ကျွန်ုပ်တို့၏ ကျဆုံးလေပြီးသော ...

ဗိုလ်ချုပ် ...

စာရေးသူသည် မှန်ကန်ကြောင်း ထောက်ခံရေးသော ထိုပုဂ္ဂိုလ်ကြီး၏ စကားတစ်ခုကား ...

ဖာနိုင်ငံ ...။ ။

မင်းနွယ်

mgyoe.com

mgyoe.com

ဖာဘဝမကောင်းကြောင်း ကမ္ဘာ့အဝှမ်းက သဘောတူညီကြပါလိမ့်မည်။ ဘယ်သူမဆို ဘယ်လောက်ပင် ကမြင်းထလှသည့် မိန်းမဖြစ်စေ ဖာတော့ ဖြစ်ချင်မည်မဟုတ်ပါ။ သူသည် လူတကာနှင့် ဆက်ဆံရပါသည်။ အလို တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ လူတကာ၏ အလိုကို ဖြည့်ရပေမည်။

ကျွန်ုပ်တို့၏ နိုင်ငံကြီးကို ကျဆုံးခဲ့သည့် ဗိုလ်ချုပ်က စိုးရိမ်ကြီး စွာဖြင့် ဖာနိုင်ငံဖြစ်လိမ့်မဟု ကြိုတင်ကာ သတိပေးသွားရှာပါသည်။ ယနေ့ ဖြစ်ပုံပျက်ပုံ အလုံးစုံကို ခြုံ၍ ကြည့်လိုက်လျှင် သူပြောသောစကား အတိုင်းပင် မှန်လှပါသည်။ မှန်ရုံတွင်သာမက သူပြောသည့် ဘဝထက် ပင် ပိုမိုဆိုးဝါးသည့်အခြေ ရောက်နေပါသည်။

ဖာသည် လူတကာနှင့် ဆက်ဆံရာ၌ အလိုတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ဆက်ဆံရသည်။ သို့သော် ဆက်ဆံတိုင်း၊ ဆက်ဆံတိုင်း သူ၏စီးပွားရေး ဝမ်းရေးပြဿနာကို ထိုလုပ်ငန်းက ဖြေရှင်းခြင်းခံရသည်။

ယခု ကျွန်ုပ်တို့ တိုင်းပြည်ရှိ လူထုကား ဤမည်သော လွတ်လပ် ပြီးသည့် အချိန်ကစ၍ စိုးမိုးသူ လူပေါင်းစုံနှင့် ဆက်ဆံခဲ့ကြရသည်။ သို့ဆက်ဆံတိုင်း ဆက်ဆံတိုင်း ကာလတို့တွင် သူတို့ကသာ ကျွေးရ မွေးရ၊ ပေးရ ကမ်းရ ကြလေသည်။ သူတို့ကား ဖာနှင့်နှိုင်းယှဉ်လျှင် ဖာထက်ဆိုးသည်ဟု ဆိုရပေမည်။

ရန်ကုန်တည်းဟူသော မင်းနေပြည်မှတစ်ပါး မြန်မာတစ်ပြည်

mgyoe.com

mgyoe.com


လုံးကား ဤအရသာကို ခံစားကြရဖူးလေသည်။

မြန်မာပြည်ရှိ မြို့ကြီးပြကြီး အသီးသီးတို့ကား စစ်မြေပြင် နှစ်ကြိမ်ဖြစ်မှုကြောင့် များပြားလှသော အဆောက်အဦ ဗိမာန်တို့ကား ပျက်စီးခဲ့ရလေသည်။

ထို့နောက် ကြွင်းကျန်သော အဆောက်အဦများနှင့် လမ်းပန်း စသည်တို့သည်လည်း ယခု ပြည်တွင်း မညီညွတ်မှု၊ ဆူပူမှုတို့ကြောင့် လက်စသိမ်း ပျက်စီးကြရပြန်သည်။

ကျေးလက်ရှိ ထန်းလက်မိုးကာ ကျူဖျာဖြင့် ဆောက်လုပ်မွမ်းမံ ကာ နေကြသည့် အဆောက်အဦများ၊ ဝါး၊ ဓနိ၊ သက်ငယ်၊ ပျဉ် စသော အဆောက်အဦများမှာလည်း ဤမည်သော ပြည်တွင်းဆူပူမှုများကြောင့် ထပ်မံ ပျက်စီးကြ၊ ဆုံးရှုံးကြရလေပြန်တော့ရကား ဤအပျက်အစီးများကို နာလန်ထူရန် မည်မျှ အချိန်ကုန်၊ ငွေကုန်၊ လူပန်း ဖြစ်ကြရဦးမည့် အရေးကိုတွေးလျှင် အဘယ်မှာ စိတ်အေးနိုင်ပါအံ့နည်း။

သိန်းသန်းထိုက်တန်သော အဆောက်အဦကြီးမှစ၍ ရာတန် ဆယ်တန် အဆောက်အဦများတိုင် ပျက်စီးဆုံးရှုံးခဲ့ခြင်းကား ကျွန်ုပ်တို့ တိုင်းပြည်တွင် နာလှ၏။ ဆုံးရှုံးမှုဖြစ်ခဲ့ရ၏။ သို့သော် ငွေကြေးဖြင့် တန်ဖိုးဖြတ်၍ရသော အဆောက်အဦး။ ပစ္စည်းဥစ္စာတို့ ဆုံးရှုံးမှုကား ဆုံးပါစေ၊ ရှုံးပါစေ၊ ပျက်စီးပါစေ။ တကယ်တွေးလျှင် ဝန်လေးလှသည်ဟု မဆိုသာပါ။ ယနေ့ ထူထောင်၍မဖြစ်လျှင် နက်ဖြန်ထူထောင်နိုင်မည်။ ရက်ပိုင်းဖြင့် ထူထောင်၍မရလျှင် လပိုင်း နှစ်ပိုင်းဖြင့် ထူထောင်က ရနိုင်သည်။ မခက်ခဲလှဟု ဆိုချင်ဆိုပါတော့။

ပျက်စီးမှုကို အပြုအပြင်ခက်သော အရာတစ်ခုကား ရှိ၍နေ သည်။ ထိုအရာကား တိုင်းသူပြည်သားတို့၏ အနေ၊ အကျင့်၊ စိတ် သဘော၊ ပျက်စီးမှုကိုကား ထိုအဆောက်အဦ၊ ဥစ္စာပစ္စည်းတို့ကဲ့သို့

mgyoe.com

mgyoe.com



ပြုပြင်ရန် မလွယ်ကူလှပါ။ ကိုယ်ကျင့်တရားနှင့် စိတ်ထားဓာတ်ပျက်သူများကား သက်ဆုံးတိုင်ပင် ပြုပြင်ရေး ခက်လှပါတော့သည်။ တိုင်းပြည်နိုင်ငံ တစ်နိုင်ငံတွင် ကိုယ်ကျင့်ပျက်သူ များလေတိုင်း ထို တိုင်းပြည်၏ဘဝကား ဘယ်သို့ပင် ပြုပြင်လိုစေကာမူ ကျင့်ပျက်စိတ်ပျက်လူများဖြင့် ပြုပြင်အောင်မြင်ထမြောက်ရန်ကား နားနှင့် မျက်စိ ဝေးသကဲ့သို့ နီးလျက်နှင့် ဝေးတတ်လေတော့သည်။

× × ×

## ရ–မ–ဖ–တ

အချိန်ကား ညနေဆည်းဆာ နေလုံးကွယ်ပျောက် အနောက်ဘက်ဒေသတွင် တိမ်ရည်တွေတောက်ခါနေချိန်ဖြစ်၍ နီဝါပြာယှက် ရောင်စုံဖက်ကာ ကောင်းကင်ပြင်သည် ဤမည်သောအချိန်၌ သဘာဝ ဝတ်ကောင်းစားလှ အသစ်အလွင်တို့ကို ဆင်မြန်း၍ ဤမည်သော ဩကာသလောကကို လူပျိုလှည့်နေဘိသကဲ့သို့ပင် ဖြစ်တော့၏။

ကျေးရွာ၏ဓလေ့ထုံးစံအရ ထိုကဲ့သို့သော ကာလများတွင် ရွာလုလင်ကလေးတို့၏ ပလွေသံ၊ လုံမငယ်တို့၏ ညနေချမ်းချိန်ခါ တိမ်ရည်သာချိန်တွင် ရေခပ်လမ်းတစ်လျှောက် သနပ်ခါးပန်းမန် လိမ်းကျံဝတ်စား အလှအားပြိုင်ကြလျက် သူ့ထက်ငါ ထိုအချိန်အခါကလေး၏ သာယာမှုကို ဝန်းဝိုင်းကူညီကြဘိသကဲ့သို့ ဖြစ်တော့သည်။

အခြား အခြားသော ကျေးရွာကလေးများကမူ ဤသို့ပင် အလေ့အထ ရှိငြားသော်လည်း ရှားခဲ့ရွာကလေးမှာမူ ညနေခင်း သာယာသည့်အချိန်ကလေးကို ဤသို့သောနည်းဖြင့် ကူညီဖြည့်စွက်လေ့ရှိသည်။

ရွာ၏မြောက်ဘက် ထန်းတောတွင် ကာလသား၊ မြီးကောင်ပေါက်၊ ကာလသား အငယ် အလတ် အကြီးတို့သည်လည်းကောင်း၊

mgyoe.com

mgyoe.com


အိမ်ထောင်ရှင် ယောကျ်ားကြီးငယ်မှ စ၍ အရွယ်လွန်ပြီး စိပ်ပုတီး လည်တွင် ဆွဲဆင်သင့်သော ဇရာ ဒုဗ္ဗလ ချိန်ရွယ်ကျသည့် အဘိုးအိုတို့ သည်လည်းကောင်း၊ ညနေ နေခြည်ကလေး စောင်းစပြုသည်နှင့် တစ်ပြိုင်နက် တစ်တောဝင်ဝင် တစ်ပင်လျှိုးလျှိုး မြူအိုးကိုယ်စီ ထန်းဆစ် ဖြင့် စစ်အပ်သော နီလာရောင်ပြ ငှက်ခါးတောင်ထနေသည့် ပင်ကျရည် များကို သုံးဆောင်ကြလေသည်။ ပင်ကျရည် တန်ခိုးရှိန်စော် အာနုဘော် အရ ဆက်ရက်မင်း စည်းစိမ်ခံစားချိန်တွင် တစ်ဦးအပေါ်တစ်ဦး ပြောလို ရာ ပြော၊ ဆိုလိုရာ ဆို မြည်တွန်တောက်တီးကြရာမှ ကျားမင်းဘဝသို့ ပြောင်းကြကာ လက်ဝှေ့ရေးလည်းပြုကြသည်။ တုတ်ရေးဓားရေးလည်း ပြုကြရသည်။ ထိုထန်းတော၏အဝင်မှာ ဦးထိပ်ထက်တွင် မည်သည့် ဝတ်ကောင်းစားလှ ထူးထွေသည့် တန်ဆာမဆင်မြန်းကြစေကာမူ နေ့စဉ် အမျှ အနည်းနှင့်အများ ဆိုဘိသကဲ့သို့ ထန်းတောမှ အပြန်ထွက်တွင် 'လောဟိ–မာလာ'တည်းဟူသော ပတ္တမြားရောင် ယှက်ဖြာသည့် သွေးပန်းမာယာတို့ကို ဦးထိပ်ထက်တွင် လှပအောင်ဆင်ကာ ထွက်ကြရ သူများ တွေ့နိုင်လေသည်။

ယင်းကြောင့် မြောက်ထန်းတောကလေးကား ရွာရှိ ယောကျ်ား တစ်စု၏ ပျော်မွေ့ရာ သွေးအနီပြိုင်ရာ ရာဇဝတ်မှု ဥပဒေပုဒ်မ ၃၂၅ မှ ၃၀၂ ထိ ဥပဒေစည်းမျဉ်းဝါဒကို ရွာသားတို့ လက်တွေ့ဆည်းပူး လေ့လာနိုင်ဖို့ရာ မွန်မြတ်လှသည့် ဒေသတစ်ခုဟု ယူမှတ်ဖွယ်ဖြစ်တော့ သည်။

ရွာလယ်တွင်လည်း ညနေဆည်းဆာနှင့် လိုက်လျောကိုက်ညီ အောင် ရွာသူတို့က ဤသို့ ကျင့်သုံးလျက်နေကြသည်။ ဖေသံ၊ မောင်သံ၊ ဦးလေးမကျန်အောင် သွေးရင်းသားရင်းချင်း အထပ်ထပ် အလည်လည် ဃရာဝါသပြုကြစေသောအသံ။ ထဘီစွန်တောင်ဆွဲ၍ ရွာထဲတွင် လည်

mgyoe.com

mgyoe.com



ကာ ကြိမ်းသံမောင်းသံ၊ ဆဲသံဆိုသံ၊ ငိုသံရယ်သံ၊ သတ်ကြပုတ်ကြသံများကား ရွာတွင်းရှိ မိန်းမတစ်စု၏ ညနေခင်း အားလပ်ချိန်တွင် သူတို့၏ ရွာကလေးအား သာယာငြိမ့်ညောင်း၊ ပျော်ဖွယ်ကောင်းအောင် ဖန်တီးကြသည့် နေ့ဝင်ဆည်းဆာ လုပ်ငန်းတစ်ရပ်ပင် ဖြစ်လေတော့သည်။

နွေ မိုး ဆောင်းတည်းဟူသော ဥတုသုံးလီစလုံးပင် ရွာမှ မြို့သို့ အမြဲတစေ ကူးလူးဆက်သွယ်ရသော ကိစ္စရပ်များမှာ ရိုက်မှု၊ နှက်မှု၊ သတ်ဖြတ်မှု၊ လုပ်ကြံမှု၊ ရန်ဖြစ်မှု၊ ဖျက်ဆီးမှု၊ မီးရှို့မှု၊ ရာဇဝတ်မှုကြောင်းနှင့်ပတ်သက်သော ဂါတ်၊ ရုံး၊ ထောင်တို့နှင့်သာ ထိုက်တန်သည့် အရေးကိစ္စတို့အား နေ့စဉ်နှင့်အမျှ ရွာကလေး၏ Export ခေါ် ထွက်ကုန်အရပ်အဖြစ်ဖြင့် သတ်မှတ်စရာဖြစ်၍ ရွာသူရွာသားအားလုံးလိုပင် ရာဇဝတ်ကြောင်းဥပဒေကို ပုဒ်ထီးပုဒ်မ ဤ-၍-မျှ မကျန်အောင် နှုတ်တက်အာဂုံရကြသူများပင် ဖြစ်ပေတော့သတည်း။

ကျေးလက်တောရွာများတွင် နေသူများအနက် မြန်မာပြည်၏ မြို့ကြီးများသို့ ရောက်ဖူး လည်ပတ်ဖူးသူများက မြို့ကြီးပြကြီးများသို့ မရောက်ဖူးသူများကို လူအ လူနုံဟူသော အထင်အမြင် ပြုခြင်းခံရသကဲ့သို့ ရှားခဲရွာသူရွာသားများတွင်လည်း ထောင်မကျဖူးသူ၊ အချုပ်မရောက်ဖူးသူ၊ ဒဏ်တပ်မခံရဖူးသူများကား ရွာမှုရေးရာတွင် လူရာမဝင်သူများဟူသော အထင်အမြင်ကို ခံရလေခြင်းကြောင့် ရန်ကုန် ရွှေတိဂုံဘုရားကို သွားရောက်ဖူးမျှော်ရန် ကြိုးစားအားခဲသည့်သဖွယ် ထောင်တန်း၊ အချုပ်တို့သို့ အနည်းဆုံး တစ်ခါတစ်ခေါက်ရောက်ရန် သူ့ထက်ငါပင် နဖူးမှ သွေး မြေသို့ကျအောင် အချင်းချင်း ကြိုးစားကြလေသတည်း။

ယင်းကြောင့် ဤသည့် ရွာကလေးကား 'အပုပ်ချိန် ကိုယ်တော်ကျပြီမို့'ဆိုသော စာအသွားကဲ့သို့ နေဝင်လုနီး အပုပ်ချိန်ဖြစ်သည့် တိမ်ရောင်ကလေးများ တောက်၊ နေလုံးကလေးများ မပျောက်တပျောက်

mgyoe.com

mgyoe.com


အခါတွင် အထက်ဖော်ပြပါသော နည်းမျိုးစုံဖြင့် ဤမည်သော ဩကာသ လောကကြီးကို သာတောင့်သာယာဖြစ်အောင် ကြိုးပမ်းကြရသတည်း။

ထိုနေ့ နေစောင်းချိန်ကလေးတွင် ရွာ၏ ထန်းတောတစ်ဖက် ထနောင်းပင်ရိပ်သာ၌ ဦးအောင်ဘသည် ဝိုင်းတစ်ဝိုင်းဖွဲ့ကာ နေသည်။ သူ့ဘေးတွင် ရွာခေါင်း ဦးလှနှင့် ကျွန်းဝန် ဘထွန်းတို့က ထိုင်လျက် ရွာကလေး၏ ဘဝဖြစ်စဉ်ကို ဝေဖန်သုံးသပ် ဆွေးနွေးနေကြသည်။

"မကောင်းပါဘူးကွယ် ...၊ ငါ တစ်နေ့က ရွာသာယာကို ရောက်တော့မှ တို့ရွာရဲ့ မကောင်းတာတွေဟာ အကုန်သိတော့တာပဲ။ ရွာသာရွာဆိုတဲ့ နာမည်နဲ့လိုက်အောင် သာယာပါပေ့ကွယ်။ ခုလို ညနေချိန်မှာ ကာလသားကလေးတွေဟာ ခြင်းဝိုင်းကလေးနဲ့ ပျော်လို့၊ တချို့ကလည်း ပလွေ၊ ဒိုးပတ်၊ အိုးစည်တွေ တီးပြီး ပျော်ပျော်ပါးပါးနဲ့ နေကြတယ်။ ရွာသူကလေးတွေလည်း လှလှပပ ဝတ်စားပြီး ရေခပ်တဲ့လူခပ်၊ ဗိုင်းငင် ချည်ချ၊ ရက်ကန်းရက် စတဲ့ လုပ်ငန်းကလေးတွေလုပ်ရင်း သီချင်းတကြော်ကြော်နဲ့ လူကြီးပိုင်းကလည်း တစ်ယောက်အိမ် တစ်ယောက် သွား၊ စားလိုက် သောက်လိုက် စကားစမြည်ပြောလိုက်၊ ရယ်လိုက် မောလိုက်နဲ့ အတော်ပဲ သာယာတဲ့ရွာကလေးပေါ့။ တို့ဆီလို တစ်ယောက်က သူ့ရဲစိတ်ဝင် တစ်ယောက်က ဘီလူးစိတ်ပေါက်ပြီး တစ်ယောက်နဲ့ တစ်ယောက် သတ်ဖို့ ဖြတ်ဖို့ ဆူဖို့ ဆဲဖို့ ဆိုတဲ့ကိစ္စတွေဟာ အဲဒီရွာမှာ မတွေ့ရဘူး။ ငါတော့ ငါ့ဇာတိကလေး မစွန့်လွှတ်နိုင်လို့သာ စွန့်နိုင်ရင် ဒီရွာကလေး သွားနေချင်စိတ်ပေါက်သား"ဟု မိမိ၏ ရွာအမှားကို သုံးသပ်ရင်း ပြောလိုက်သည်တွင် –

"ကျုပ်လည်း စိတ်တော့ပျက်ပျက်ပါပဲ၊ ရွာက ရာဇဝတ်မှုတွေ ဖြစ်တိုင်း ... ကျုပ်အိမ်ကို ရဲသားတွေလာပြီး တည်းကြ ခိုကြနဲ့ ဧည့်ခံရတာ ကျုပ်အိမ်အတွက် ဝမ်းစာဟာ တစ်နှစ် စပါးငါးဆယ် ကောင်း

mgyoe.com

mgyoe.com



ကောင်းလောက်ပေမဲ့ တစ်နှစ်တစ်နှစ် စပါးနှစ်ရာထားတာတောင် မလောက်ဘူး။ ရွာမှာရှိတဲ့ ကြက်တွေလည်း ဧည့်သည်အတွက်လုပ်ရတာနဲ့ ခုများဆို ကြက်တွန်သံတောင် မကြားတော့ဘူး။ ဒီတော့ ... ကျုပ်တို့ရွာဟာ ဒီအတိုင်းနေလို့မဖြစ်ဘူး။ ကိုကြီးဘလို ဩဇာရှိတဲ့လူနဲ့ ဘထွန်းလိုလူမျိုးက ပြုပြင်ကြဦးမှ ဖြစ်မှာပဲ"

"ဟုတ်တယ် ... ကျုပ်လည်း ဒါတွေးနေတာပဲ။ ဒီရွာက နာမည်ကြီးတဲ့အပေါ်မှာ ကျုပ်နာမည်က ထိပ်တန်းကဖြစ်နေတော့ ဘယ်အစိုးရရွာရောက်ရောက်၊ ဘယ်အမှုဖြစ်ဖြစ်၊ ကျုပ်က ထိပ်ဆုံးကချည့် အဖမ်းခံရ၊ အချုပ်ထဲမှာ ခဏဖြစ်ဖြစ် အသိပ်ခံရနဲ့ ကျုပ်ဟာ အမြဲလိုလို ဂါတ်ထဲအချုပ်ထဲမှာချည့် အိပ်နေရတော့ အိမ်ပြန်ရောက်လို့ရှိရင် အိပ်ရာပြောင်းတာနဲ့ အိပ်မပျော်ဘဲချည့် ဖြစ်နေတယ်။ ကဲဗျာ ရိုးဘနဲ့ ရိုးလှတို့ ရွာအခြေအနေကောင်းအောင် လုပ်ကြပါဦး။ ခင်ဗျားတို့လို ဉာဏ်ပညာရှိကြီးတွေကလုပ်ရင် ကျုပ်တို့က လိုက်နာပါ့မယ်။ မလိုက်နာတဲ့လူရှိရင်လည်း သူတို့ မျက်နှာသစ်ရငြိမ်းအောင် ကျုပ်က ရှက်ဆောင်ဖို့ တာဝန်ယူပါ့မယ်"

ဟူသော ထောက်ခံချက်များကို ကြားနာရသော ဦးအောင်ဘသည် တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတောကြံဆပြီးနောက်–

"အေး ... ငါ ညကို စဉ်းစားပါမယ်၊ နက်ဖြန်နေ့လယ်ကိုသာ တစ်ရွာလုံး မောင်လှက မင်းအိမ်မှာ ဖိတ်ထားပေတော့"

ဟူသော စကားဖြင့် ဆွေးနွေးပွဲကို အဆုံးသတ်လိုက်သတည်း။

× × ×

"အားလုံး ကြားကြားသမျှ ခင်ဗျား ... နက်ဖြန်နေ့လယ်အချိန်မှာ ပျက်စီးမဲ့လူတန်းစားအရေးကို ဆွေးနွေးတိုင်ပင်ဖို့ရန်အတွက် တစ်ရွာလုံး မိန်းမ ယောကျ်ား ကလေး မကျန်အောင် ရွာခေါင်း ဦးလှအိမ်သို့

mgyoe.com

mgyoe.com


မပျက်မကွက် လာရောက်ကြဖို့ရန် ဆင့်ခေါ်လိုက်ပါတယ်။ ရွာခေါင်းမင်းအမိန့်"

ဟူသော ကြေညာသံ၊ မောင်းသံ၊ ရွာဆော် ဘိုးပြန့်အသံကား ထိုနေ့ညတွင် ကြားရသည့်အတွက် ရွာသူရွာသားများမှာ သို့လော ဤလော တလောလောနှင့် နက်ဖြန်ပြောဟောမည့် အရေးကို တတွေးတောတောနှင့် နေကြလေသတည်း။

နောက်နေ့ နေ့လယ်ပိုင်းတွင် ဖိတ်ကြားထားသည့်အတိုင်း ရွာရှိလူကုန်လောက်ပင် ထိုဆွေးနွေးပွဲသို့ တက်ရောက်ကြလေသည်။ ရွာခေါင်း ဦးလှကား ဂျပန်ခေတ်က မြို့မှ ပုံသကူကောက်လာခဲ့သည့် ကြိမ်ကုလားထိုင်ကြီးပေါ်တွင် ဖက်ဖြူဆေးပေါ့လိပ်ကြီးကို အငေ့ါသား သောက်ရင်း ထိုင်နေသည်။ ဦးအောင်ဘနှင့် ဘထွန်းတို့ကား ဘေးရှိ တန်းလျားတစ်ခုတွင် ထိုင်နေ၍ ရွာသူရွာသားများမှာ ရပ်၍ တချို့၊ ထိုင်၍ တစ်သွယ်၊ ဒူးထောင်ပေါင်ကား ဂါရဝတရား များပြားစွာဖြင့် နေသူများသည် တစ်စု၊ အရိယာပထ မျှသလို နေကြလေသည်။

"ကဲ … နားထောင်ကြပါဗျို့၊ ဘကြီး အောင်ဘက ပျက်စီးမဲ့ လူတန်းစား ကောင်းစားရေးအတွက် စကားပြောပါလိမ့်မည်"

ဟု ရွာဆော် မောင်ပြန့်က ကားဆွဲလုပ်လိုက်သဖြင့် ကိုအောင်ဘမှာ ဝါးနေသောကွမ်းကို တစ်ဖက်သို့ လှည့်ထွေး၊ ကျွတ်ပြီးနေသော လုံချည်ကို ပြင်ဝတ်ပြီးနောက် 'အဟမ်း … အဟမ်း'တည်းဟူသော ချောင်းသံဖြင့် လည်ချောင်းရှင်းပြီးနောက် 'ငါ ကနေ့ပြောမှာက တို့ရွာဟာ အင်မတန် ပျက်စီးနေတာတွေ ကောင်းအောင် ပြင်ကြ ဆင်ကြဖို့ ကိစ္စပဲ။ ငါလည်း … အစကတော့ ဒါလောက် ဂရုမစိုက်မိဘူး။ ရွာသာယာ ရောက်မိတာနဲ့ ဒီစိတ်တွေ ဝင်လာတာပဲ။ သူများရွာနဲ့ စာတော့မှ တို့ရွာဟာ ပျက်စီးချင်တိုင်း ပျက်စီးနေတာတွေကို တွေ့မိ၊ မြင်မိတာပဲ။ ဒီ

mgyoe.com

mgyoe.com



ဒိစတြိတ်မှာရှိတဲ့ ရွာတွေထဲမှာ တို့ရွာဟာ အကြမ်းမှာထိပ်ခေါင်၊ ရန်ဖြစ်တာမှာ ပထမ၊ အဆဲမှာ တုမရှိ၊ ရုံးတို့ ဂါတ်တို့ဟာ ဈေးဝယ်သွားသလောက် အောက်မေ့နေကြတာမို့ တစ်နှစ် တစ်နှစ် တို့တစ်တွေ လုပ်ကိုင်ရတဲ့ လုပ်စာမှန်သမျှဟာ ရုံးနဲ့ဂါတ် အခွန်ဆက်နေရတာနဲ့ပဲ ဘယ်တော့မှ ရွာဟာ လူမွေးပေါက်တော့မှာ မဟုတ်လို့ တို့အချင်းချင်း သင့်တင့် ညီညွတ်စွာနေဖို့၊ တစ်ယောက်နဲ့တစ်ယောက် ရန်မဖြစ်ဖို့၊ အိုကွာ .. နောက်ဆုံး စကားပြောတာတောင် တစ်ယောက်နဲ့တစ်ယောက် ဆဲရေးတိုင်းထွာပြီး မပြောတမ်းဆိုပြီး အသင်းဖွဲ့ထားဖို့အတွက် မင်းတို့ကိုခေါ်တာပဲ။ အားလုံးလည်း ကျေနပ်ကြလိမ့်မယ်လို့ဆိုတာ တွေးပြီး ရွာခေါင်းကြီးနဲ့ မနေ့က တိုင်ပင်ခဲ့တယ်။ ကနေ့ကျတော့ ... အသင်းဖွဲ့ဖို့ခေါ်တာပဲ။ ကဲ ... မင်းတို့သဘောကိုသာ ပြောကြစမ်းပါ"

ဟု ပရိသတ်အား မေးလိုက်ရာ ပရိသတ်မှာ ကျွက်စီ၊ ကျွက်စီနှင့်ဖြစ်ကာ အဖြေကို ရုတ်တရက် မပေးဘဲ ငိုင်၍ နေကြသဖြင့်–

"ဟေ့ ... ပြောကြလကွာ၊ ငါ့လရှိုးမှုပဲ၊ သဘောကျရင်ကျတယ်၊ မကျရင်လည်း မကျဘူးလို့ ပြောကြပါ"

ဟု ရွာခေါင်းဦးလှက ဝေါက်လိုက်မှ 'ကြည့်လုပ်ကြပါလေ' ဟူသော လေရှည်ကြီးနှင့် ပြောလိုက်သည့် ရွာ၏ ဖဲဒိုင်လူဝကြီး၏ စကားသံ ထွက်ပေါ်လာတော့သဖြင့် –

"မင့်အမေ ... ကြည့်လုပ်ရမှာလား၊ သဘောကျရင်လည်း ကျတယ်၊ မကျရင်လည်း မကျဘူးပြောတာမဟုတ်ဘူး"

ဟု ဝေါက်၍မေးလိုက်သောကြောင့် လူတစ်စုမှာ ရွာခေါင်းမင်း သဘောကို လိုက်လျောသည့်အနေဖြင့်–

"သဘောကျပါတယ် ... လုပ်ပါမယ်" ဟူသော ကတိပေးသံတို့သည် ဆူညံစွာပေါ်လာ၏။

mgyoe.com

mgyoe.com


"ကဲ ကဲ ကျေနပ်ကြရင် အသင်းနာမည်ပေးရမယ်"

"နာမည်ပေးဖို့တော့ အရီးဘပဲ ပေးပါစေ"ဟု ဘထွန်းက ဆက်လက်ပြောလိုက်ရာ ဦးအောင်ဘသည် မနေသာတော့ဘဲ နေရာမှ ထရလေသတည်း။

"အင်း ... နာမည်ဆိုတော့ ခေတ်နဲ့ဆီလျော်မှ ကောင်းတာကွ၊ ဒီတော့ ... ဒီအသင်းနာမည်ကို ခုခေတ်ဆန်ဆန် ငါကတော့ 'ရ၊ မ၊ ဖ၊ တ'လို့ ပေးချင်တယ်၊ ဘာပြုလို့လဲဆိုတော့ ခု ဗမာပြည်မှာ ပေးကြတဲ့ နာမည်တွေလည်း မင်းတို့သိအောင် ရှင်းရဦးမှာပေါ့၊ ဖ၊ ဆ၊ ပ၊ လဆိုတာ က ဖက်ဆေးလိပ်ပတ်လုပ်သားအသင်းကို အတိုကောက်ခေါ်တာ၊ ပြီးတော့ ... ဗ၊ တ၊ လ၊ စ အသင်းကတော့ ဘာတွေ လုပ်လုပ် စကားများ တဲ့အသင်း။ နောက်ပြီး ... မ၊ က၊ သ၊ ခ ဆိုတာကလည်း မိန်းမကြောက် သနပ်ခါးလိမ်းတဲ့ လူတွေရဲ့အသင်း၊ ပ ၊ မ၊ အ၊ ဝ ဆိုတဲ့ အသင်းကလည်း အပြည့်အမောက် အဝင်သိပ်တဲ့အသင်းတွေလို့ ခေါ်တယ်၊ ဒီတော့ ... တို့ကလည်း ရန်မဖြစ်တမ်းအသင်းရဲ့အတိုကောက် ရ၊ မ၊ ဖ၊ တ ဆိုတဲ့ နာမည်နဲ့ အသင်းဖွဲ့ကြမယ်။ ရန်ဖြစ်ရင် အလှူငွေတစ်ကျပ်၊ သတ်ရင် ပုတ်ရင် ငါးကျပ်၊ တစ်ခွန်းဆဲ တစ်ပဲ၊ အဲဒီကရတဲ့ငွေကို တို့ရွာကလေးရဲ့ လမ်းတွေကောင်းအောင် လုပ်ရမယ်။ တို့ရွာဟာ ရေတွင်းနည်းနေတော့ ရေတွင်းတူးရမယ်။ ဒါကမှ ပိုလျှံရင် ဓာတ်မီးပေး၊ ဇရပ်တွေ ဆောက်၊ အားလုံးကောင်းအောင် လုပ်ရမှာပေါ့ကွာ။ ကဲ ... ကြိုက်ကြရဲ့လား"

ဟူသော အသင်း၏ အတိုဆုံးသော စည်းမျဉ်းဥပဒေကို ပြော လိုက်၏။

ရှေးမိနောက်မီ ဉာဏ်ပင်ဉာဏ်လုံးကြီးသည့် ဦးအောင်ဘအား ရွာသူရွာသားတို့မှာ မချီးကျူးဘဲ မနေနိုင်ကြတော့ပေ။

အသင်းတည်ပြီးသည့်နောက် လချုပ်စာရင်းအရ ရ၊ မ၊ ဖ၊

mgyoe.com

mgyoe.com



တ ရန်ပုံငွေကား ငါးထောင်မျှရလေသည်။ ဤသို့နှင့်ပင် ရွာကလေး၏ တိုးတက်မှုကား မိုးအကျတွင် ထလာသော မြက်ခင်းပမာ သိသိသာသာ၊ ခြားခြားနားနား၊ တိုးပွားစည်ပင်၍ လာတော့လေရာ လမ်းကလေးများ လည်း ရှေးက နွေရာသီတွင် ဖုန်တထောင်းထောင်း၊ မိုးရာသီတွင် ရွှံ့ဗွက် အထပ်ထပ် ဖြစ်ခဲ့ရာမှ အချို့နေရာတွင် ကျောက်ခင်းရုံမျှမက တစ်စိတ် တစ်ဒေသသောလမ်းတို့မှာ ကတ္တရာစေးများပင် သွန်းလောင်းလိမ်းကျံ ပက်ဖျန်းမွမ်းမံကာ တာဝတိံသာ၊ ယာမာသို့ ဆက်သွယ်ရန် ကြံရွယ် ထားဘိသယောင်ယောင် ထင်ရလေ၏။ လမ်းကလေးများသာပင်လော။ ရေတွင်းတို့လည်း တစ်အိမ်တစ်တွင်းကျ တူးဖော်ပြီးသားအခြေသို့ ကျ ရောက်ပေပြီ။ ရွာလယ်အုပ်တိုက် ဇရပ်ကြီးကလည်း ဟည်းနေပါတော့ သည်။

ငင်းတို့ကား ရွာသူရွာသားနှင့် ရွာဦးကျောင်းဘုန်းတော်ကြီး ဦးလာဘတိုင်အောင် စုဆောင်းလှူဒါန်းသည့် တစ်ခွန်း တစ်ပဲကစ၍ ဓားရေး၊ တုတ်ရေးပြကြသူတို့၏ ဒါနများ ဖြစ်ပါတော့သည်။

ရွာကလေးကား တစ်စ တစ်စနှင့် ဆဲသံဆိုသံကင်း၍ သွားပါ သည်။ သူများရွာတွင် ညနေစောင်း၍ သူထက်ငါ ဂုဏ်တုဂုဏ်ပြိုင် သပ်သပ်ရပ်ရပ် ဝတ်ကာစားကာ သီချင်းသံ တကြော်နှင့် မော်၍နေချိန် တွင် ရှားခဲ့ရွာကလေးကား ငေး၍သာ နေရရှာသည်။ သူတို့သည် သူ တကာလို သီချင်းဆိုကာ နေလိုပါ၏။ သို့ရာတွင် ဘာသီချင်းမျှ မဆို တတ်ကြချေ။ သားချော့သီချင်းဖြစ်သော 'ကြောင်ကြီးရယ် မြီးတံတို'ကိုပင် မရကြပေ။ သူတို့သားငယ်ကို သိပ်သောအခါ သီဆိုနေကြသည့် 'မအေ သေရာ ကလေးအိပ်ပါတော့လား'ဟူသော သီချင်းကား တန်ဖိုးရှိနေ သဖြင့် မဆိုဝံ့ကြဘဲ ရွာကလေးမှာ တစ်စ တစ်စ တိတ်လာပါတော့သည်။ နောက်ဆုံးတွင် သူတို့နေရသော လူ့ဘဝကား ခြောက်ခြောက်သွေ့သွေ့

mgyoe.com

mgyoe.com


နှင့် အထီးကျန်ဘဝကြီးသဖွယ် ဖြစ်ကာနေတော့ရကား အချို့သော လူတို့မှာ မိမိတို့နေရသောဘဝကို ငြီးငွေ့လှသဖြင့် ရွာနောက် ထနောင်း ပင်ကိုင်းတွင် လည်ပင်ကြိုးသိုင်းကာ ဒန်းစီးရင်း ဘဝကို စွန့်ကြလေ ကုန်၏။ နောက်ဆုံးတွင် အသင်းကိုပင် ရွံ့ကြ ကြောက်ကြ မုန်းကြသော စိတ်နှလုံးသည် တဖွားဖွား ပေါ်ပေါက်လာစပြုသတည်း။

"ငါတော့ ... ဒီရွာမှာ မနေတော့ဘူးကွာ၊ ပြောင်းတော့မယ်"

ဟု သာအိက သူ၏မိတ်ဆွေ ဘိုးခအား ပြောရာတွင်–

"အေး မင်းကတော့ ပြောင်းရင် ဝဋ်ကျွတ်မှာပေါ့ကွာ။ ငါ့မှာသာ ဒီကလေးတွေ တစ်ပြုံတစ်ခေါင်းကြီးနဲ့ အပြောင်းမလွယ်၊ အနေလည်း ခက်၊ တစ်နှစ်လုံး လုပ်စာလည်း စားရတယ် ဝတ်ရတယ်ပဲ မရှိဘူး၊ ဟိုသောက်ရန်ပုံငွေထဲ ရောက်တာနဲ့ပဲ ... ဘွာ ဘွာ ... သူငယ်ချင်း၊ ငါ ယောင်ဆဲမိတာပါ"

ဘိုးခက ပြန်လည် ပြောလိုက်သဖြင့်–

"ငလရှိုးမှပဲ၊ အဲ .. ကြေရော ... မင်းတစ်ခွန်း ငါတစ်ခွန်း အသာဝ ထားလိုက်၊ ငါလည်း ဘယ်ပြောင်းချင်မလဲ၊ ငါ့အိမ်က ဇော့ဒုတ် က ခုလိုပဲ မဆဲရမဆိုရဘဲ နေရရင် ရွာမြောက် ထနောင်းပင် လည်ကြိုး သိုင်းမယ် တပြင်ပြင်နဲ့ လုပ်နေလို့ ပြောင်းရမှာပဲ ...၊ ခက်တာက ခု ပေးရတဲ့ငွေအတွက်ဟာ တစ်ခွန်း တစ်ပဲ ဆိုပေမဲ့ ... ဒို့အိမ်မှာ တစ်နေ့ အင်မတန် ဆင်ဆင်ခြင်ခြင်ဆဲတာတောင် နှစ်ကျပ်ခွဲသုံးကျပ် ထိနေတော့ မခံနိုင်ဘူး။ တစ်ခါတလေ ဟိုဘက်အိမ်က မိခွေး မခံချင်လို့ ဗွေးဒုတ် ပတ်ကြမ်းတိုက်တဲ့အခါများ တစ်လကိုးသီတင်းလုပ်စာဟာ နာရီပိုင်းနဲ့ပဲ ချောတာပဲ၊ ကဲ ... မင်း နှုတ်ဆက်ရင်းလာတာ သူငယ်ချင်းရာ ...၊ ဘုန်းကြီးလည်း သွားခါနီး ကန်တော့ဖို့သွားမလို့"

ဟု သူ၏ရောင်းရင်းအား နှုတ်ဆက်ကာ ထွက်သွားရှာသည်။

mgyoe.com

mgyoe.com



ကိုဘိုးခမှာ မျက်ရည်စမ်းစမ်းဖြင့် ငေးမျှော်ရင်း ကျန်ရစ်ခဲ့လေသတည်း။

"ဟဲ့ ... သာအိ၊ ဘာကိစ္စလဲ"

ဟူသော အမေးသည် ရွာဦးဘုန်းတော်ကြီး ဦးလာဘထံ လာရောက် ဝပ်ချနေသည့် သာအိအား မေးမြန်းသည့်အသံ ဖြစ်ပေတော့သည်။

"တပည့်တော် တခြားကိုပြောင်းမလို့ ... အရှင်ဘုရားကို လာကန်တော့ပါတယ်"ဟု လျှောက်ရင်း သာအိအသံမှာ လှုပ်စပြုတော့၏။

"ဘာကိစ္စ ပြောင်းချင်တာလဲဟ"

"ဒီရွာမှာနေရင် ကြာတော့ ... လူမွဲလူတောင်ပေါက်တော့မှာ မဟုတ်လို့ ဘုရား၊ သူတို့ ရန်ပုံငွေပေးနေရတာနဲ့ပဲ မတတ်နိုင်တော့ဘူး"

"အေး ... သင်း မေရိုးမပဲ။ ငါလည်း သည်အသင်းတော့ အင်မတန် ရည်ရွယ်ချက်ကောင်းတယ်လို့ အားပေးတဲ့အနေနဲ့ ပါမိပါတယ်။ နွေ မိုး ရတဲ့ လာဘ်လာဘကလေးတွေဟာ တက်တက်ပြောင်တော့တာပဲ။ ကျောင်းမှာ ငှက်ပျောသီး မစားရတာ ခြောက်လကျော်သွားပြီ တပည့်။ ရန်ပုံငွေပေးဖို့ ရောင်းရတာပဲ မလောက်ဘူး။ သင်းပိုင်တောင် အသစ်မရှိတော့ဘူး။ နင်တို့လူတွေက ဒီရွာ ဟိုရွာ ပြောင်းရလွယ်သေးတယ်၊ ငါ့မှာတော့ တခြားရွာက ဘုန်းကြီးတွေကလည်း ငါ့ပါးစပ်ကြောက်လို့ ဘယ်ကမှ လက်မခံချင်ကြဘူး။ နင်တို့ ရွာသူရွာသားတွေနဲ့လည်း ငါ မနေချင်ဘူး။ တစ်ခါတလေ ... မြစ်ထဲ ခုန်ဆင်းသေရကောင်းမလားတောင် စိတ်ကူးမိတယ်"ဟု ပြောလေ၏။

သာအိမှာ ဖွေးဒုတ်အရေးထက် ဆရာတော်အရေး ခက်ချေပြီတကားဟု ပြင်းစွာသောစိုးရိမ်မှုသည် စိတ်တွင် ဖြစ်ပေါ်လာတော့သတည်း။

'တပည့်တော်တော့ ရိုးဘကြီးသာ ဒီရွာကနှင်ပစ်ချင်တော့တာပဲ

mgyoe.com

mgyoe.com



ဘုရား ...။ သူ ... ရွာသာယာတစ်ခေါက် သွားမိတာနဲ့ ဟိုနွယ်ဒီနွယ် ဖြစ်လာတာပဲ"

"အင်း ... သူ့လည်း အပြစ်မပြောပါနဲ့ကွယ်။ သူ့မှာလည်း ဒီအသင်းဖွဲ့မိလို့ လယ်ကလေးတစ်ကျိပ် စိုက်ကုန်ရှာပါပြီ။ ကဲလေ ... တို့တစ်တွေကိုက ကိုယ်မလုပ်နိုင်တဲ့တာဝန်တွေ ယူနေကြလို့ပါ"

ဟူသောစကားဖြင့် နိဂုံးသတ်လိုက်လေခြင်းကြောင့် ဘိုးခသည် ဘုန်းတော်ကြီးအား ကန်တော့ကာ ကျောင်းပရိဝုဏ်ပြင်ပသို့ ထွက်ခဲ့လေတော့သတည်း။

"ဟော့ ... အောင်ဘု ဘာကိစ္စလဲကွ"

ဟူသော နှုတ်ဆက်သံကို ကျောင်းဝင်းတွင်းသို့ ဝင်ရန် ပြင်နေသော အောင်ဘုအား ရပ်တန့်စေ၏။

"ငါ ... ဘုန်းကြီးကန်တော့မလို့၊ မင်းကော ... ဘာလာလုပ်တာလဲ"

ဟု အောင်ဘုက ကျောင်းဝအထွက်တွင် တွေ့ရသော ဘိုးခအား ပြန်လည်မေးလိုက်သည်တွင် –

"ငါလည်း ဘုန်းကြီးကန်တော့ပြီးလို့ ပြန်ခဲ့တာပဲ၊ ငါ ... ဒီရွာက ပြောင်းတော့မလို့"

"အေး ... တူလိုက်လေသူငယ်ချင်းရာ၊ ငါလည်း ပြောင်းဖို့ပဲ သောကြာတို့ စံမှိတို့ ဘအေးတို့ လူစုလည်း ကနေ့ပြောင်းဖို့ ပြင်ဆင်ပြီးကြပြီ၊ ဒီရွာမှာနေတာ တို့တစ်တွေအတွက် ရပဟန်းတွေ နှစ်ရာနှစ်ဆယ့်ခုနစ်သွယ် သိက္ခာပုဒ် ထိန်းရတာထက် ခက်နေပါသေးတယ်၊ ရဟန်းတွေကမှ အာပတ်သင့်ရင် အာပတ္တိယော ဆိုလို့ရသေး၊ တို့ဟာက တစ်ခွန်းတစ်ပဲ ... နည်းနည်းမှ ဈေးဆစ်လို့မရတော့ ခက်နေတာပေါ့၊ ကြာကြာနေကြာကြာ လူစဉ်မမီမှာမို့ ခုကပဲပြေးတာ ကောင်းမယ်ထင်တာပဲ"

mgyoe.com

mgyoe.com



ဟူသော စကားများကို ပြောနေစဉ် ကျောင်းနှင့် မလှမ်းမကမ်းမှ လာသော လူတစ်စုကို အောင်ဘုက မြင်၍ –

"ဟေ့ ... ဟိုမှာ သူတို့တစ်တွေလည်း ဘုန်းကြီးကန်တော့ဖို့ လာနေပြီ၊ ခဏစောင့်နေပါဦးကွာ ...၊ တို့နဲ့မှ အတူတူပြန်တာပေါ့"

ဟု တားသဖြင့် ဘိုးခသည် စောင့်ဆိုင်းကာ နေလေသတည်း။

မကြာမီ လူတစ်စုသည် ကျောင်းဝသို့ တစုတဝေးတည်း ရောက်ကာ ဤရွာမှပြောင်းတော့မည့်အကြောင်း ရ၊ မ၊ ဖ၊ တ အသင်းထဲ ဝင်မိသည့်နေ့ကစ၍ ဘယ်လောက် လူဖြစ်ရှုံးရကြောင်းများကို တစ်ယောက်နှင့်တစ်ယောက် အတိုင်အဖောက်ညီလှစွာ ပြောနေကြရာ ၎င်းတို့ထဲမှ တစ်ယောက်က–

"ဟေ့ ... ဟိုကလူတစ်ယောက်လည်း လာနေတုန်းပဲ၊ တို့ပါတီကနဲ့တူတယ်၊ ဘယ်သူလဲ ... ကြည့်စမ်း"

ဟု ခပ်လှမ်းလှမ်းမှ ညွှန်ပြသည်တွင် –

"အေး ... ဟုတ်သဟ ၊ ဟင် .. ရိုးအောင်ဘကြီး မဟုတ်လား"

ဟု လူတစ်ယောက်ကပြောလိုက်လျှင် လူတစ်စုမှာ လူဝိုင်းခံရသည့် တောကြက်အုပ်ကဲ့သို့ ပြေးပေါက်ကို ရှာနေကြလေတော့သတည်း။

"ဟေ့ ... ငါတော့ သူနဲ့ အတွေ့ခံလို့ မဖြစ်ဘူးထင်တယ်"

ဟု ဘိုးခက ပြောလိုက်လျှင်–

"အိုကွာ ဣန္ဒြေရရနေစမ်းပါ၊ သူ ဘာလာလုပ်တာလဲ သိရအောင်၊ ကျောင်းအောက်ကစောင့်ပြီး နားထောင်ကြရအောင်"

ဟု တစ်ဦးသောသူ၏ အကြံပေးချက်ကို သဘောကိုက်ညီကြ၍ ကျောင်းအောက်သို့ အပြေးအလွှား ဝင်သွားကြလေသတည်း။

"မိုးချုပ်လှချည့်လား ဒကာကြီး ...၊ ဘာကိစ္စများရှိလို့လဲ"

ဟူသော ဘုန်းတော်ကြီး၏အမေးကို ကြားရပြီးသော် –

mgyoe.com

mgyoe.com


"တပည့်တော် ... တခြား ပြောင်းမလို့ အရှင်ဘုရား၊ လာပြီး ကန်တော့တာပါဘုရား"

ဟူသော အဖြေကို ကြားရသောလူတစ်စုမှာ မတွေးတတ်၊ မတောတတ်ဖြစ်ကာ နေကြတော့သည်။

"အင်း ... ငါ ပြောင်းတဲ့ရွာများ လိုက်လာပြီး သူ့ ရ၊ မ၊ ဖ၊ တ ဖွဲ့နေဦးမှာလား"

ဟု ဘိုးခက ကျိတ်၍ စိုးရိမ်ကြီးနေမိတော့သည်။

"ဘာဖြစ်လို့လဲ ဒကာကြီး"

"ဟာ ... ဘုရားတပည့်တော်က တစ်ရွာလုံးကောင်းဖို့အတွက် ရ၊ မ၊ ဖ၊ တ အသင်းကို ဖွဲ့စည်းခဲ့တာ ...၊ ခုတော့ တပည့်တော်အိမ်က မယ်စာဥကစပြီး မကျေနပ်ဖြစ်နေတယ်။ သူ တစ်ခါ တစ်ခါ အလဇ္ဇီရွတ် လိုက်ရင် အနည်းဆုံး လေးငါးကျပ် ရန်ပုံငွေထဲ ဖြည့်ရတာနဲ့ပဲ တပည့်တော် လယ်ကလေးတစ်ပွဲလည်း ပြုတ်ပြီ။ ဒီတော့ ... တစ်ရွာလုံးမှာ လည်း အောင့်သည်းအောင့်သက် ဖြစ်နေ၊ အိမ်က စာဥကလည်း တစ်ဆူ တည်း ဆူနေတော့ တပည့်တော် ဒီရွာမှာ မနေတော့ဘူးဘုရား။ တပည့် တော် မရှိရင်လည်း ဒီအသင်းပျက်မှာပဲ။ ဒီအသင်းပျက်ရင် တစ်ရွာလုံး သူတို့ ပျော်ပျော်ရွှင်ရွှင်နဲ့ နေကြမယ်ထင်လို့ တပည့်တော်တစ်ယောက် တည်းပဲ စိတ်အေးလက်အေး ရွာသာယာ သွားနေတော့မယ်ကြံပြီး အရှင်ဘုရား လာကန်တော့တာပဲ ဘုရာ့"

ဟု လျှောက်ထားသံကိုကြားရသော လူတစ်စုမှာ ကျွန်ဘဝမှ လွတ်လပ်ရေးပေးရန် နေ့ရက် ကန့်သတ်ခြင်းခံရသော တိုင်းသူပြည်သား ကဲ့သို့ ရွှင်သောနှလုံး၊ ပြုံးသော မျက်နှာတို့ဖြင့် တစ်ဦးကိုတစ်ဦး ကြည့် ကာ နေမိကြတော့သတည်း။

နောက်နေ့ နံနက်ပိုင်းတွင် ဦးအောင်ဘသည် မိမိ၏ အထုပ်

mgyoe.com

mgyoe.com



အပိုးကလေး သယ်ပိုးကာ ရှားခဲရွာမှ ထွက်ခွာသွားရှာလေတော့သတည်း။ ထိုနေ့တွင်ပင် ဘိုးခအမှူးပြုသော လူတစ်စုက ဦးအောင်ဘကြီး ရွာတွင် မရှိတော့၍ ရ၊ မ၊ ဖ၊ တ အသင်းကြီးမှာ ဦးအောင်ဘ၏နောက်မှ ရေပူရေချမ်း ကမ်းလှမ်းရန် ထက်ကြပ်မကွာ လိုက်ပါသွားပြီဖြစ်၍ အသင်းမရှိတော့ပြီဖြစ်ကြောင်း ကြေညာလေတော့သတည်း။

တစ်ရွာလုံးကား ထိုနေ့အဖို့တွင် ရ၊ မ၊ ဖ၊ တ ပျက်စီးသွားပြီဖြစ်၍ လွတ်လွတ်လပ်လပ်နေနိုင်ပြီဖြစ်ကြောင်းကို သူ့ထက်ငါ ပြောဆိုနေကြလေတော့၏။

ဖွေးဒုတ်ကား နံနက်စာ ထမင်းပင် မစားနိုင်တော့ဘဲ မေ့လျော့နေသည့် ဆဲနည်းမျိုးစုံကို ပြန်လည်လေ့ကျင့်ကာနေပြီးမှ –

"ဟင်း ... ခုမှပဲ ဆန်ရင်းဆန်ကောင်းကောင်းနဲ့ အလှူထမင်းစားရသလို မြိန်လိုက်ပါဘိ"

ဟူသော ဥဒါန်းကျူးရင့်နေရှာသတည်း။

အချိန်ကား ညနေဆည်းဆာ နေခြည်မပျောက်တပျောက်တိမ်ရည်တောက်ကာ နေချိန်ဖြစ်၏။ ကောင်းကင်ပြင်သည် ဝတ်ဆန်းစားဆန်းကို ဆင်မြန်းကာ ဤမည်သော ရှားခဲရွာကလေး၏ လွတ်လပ်ရေး ပွဲသဘင်ကို ရှုကာနေဘိသကဲ့သို့ ထင်ရ၏။

ယခင်က သုသာန်တစ်စအသွင် ဆိတ်ငြိမ်ငြီးငွေ့ဖွယ်ရာကောင်းသော ရှားခဲရွာကလေးကား ရ၊ မ၊ ဖ၊ တ ပျက်စီးသည့်အချိန်မှစ၍ပြန်လည် အသက်ဝင်လာသကဲ့သို့ ရန်ဖြစ်ပွဲ၊ သတ်ပွဲ၊ ဆဲပွဲ၊ သဘင်တို့ကိုဝှမ်းဝှမ်းချိမ့်ချိမ့် တငြိမ့်ငြိမ့်နွဲဆင်ကာ လွတ်လပ်ရေးအရသာကို မြိန်မြိန်ကြီး ခံစားနေကြလေသတည်း။

စိတ်ကူးဖြင့်ရေးသော ဝတ္ထုဖြစ်ရကား ဤဝတ္ထုအတိုင်း ကျွန်ုပ်တို့ တိုင်းပြည်တွင် ကိုယ်ကျင့်တရား၊ လူမှုဆက်ဆံရေးတရားတွေ ပျက်

mgyoe.com

mgyoe.com


မပျက်ကို ဤစာရေးသူက အောက်ပါအမေးကလေးများကို မေးမြန်းခြင်းဖြင့် ယုတ္တိထင်ရှားစေလိုပါသည်။

စစ်မဖြစ်မီ အချိန်အခါကာလတွင် ရန်ကုန်မြို့သူမြို့သားများ၏ နေမှု ထိုင်မှု ဆက်ဆံမှု အဆင့်အတန်းနှင့် –

ယခုချိန်ခါ နေမှု ထိုင်မှု ဆက်ဆံမှု အဆင့်အတန်းများသည် ဘယ်အချိန်က ပိုမို၍ အဆင့်အတန်းကောင်းပါသနည်း။

စစ်မဖြစ်မီအချိန်အခါတွင် ရန်ကုန်မြို့တွင် လုယက်မှု၊ တိုက်ခိုက်မှုများနှင့် ယခုအချိန်အခါတွင် မည်သည်က ပိုမို များပြားပါသနည်း။

စစ်မဖြစ်မီ အချိန်အခါနှင့် ယခုအချိန်အခါတွင် နှိုင်းယှဉ်က ကိုယ်ကျိုးရှာလုပ်ငန်းအတွက် နိုင်ငံအားလည်းကောင်း၊ အသင်းအပင်း အစုအရုံးအားဖြင့်လည်းကောင်း သစ္စာဖောက်မှု၊ ညစ်ပတ်မှုတွေသည် ဘယ်အချိန်က ပိုမိုများပြားပါသနည်း စသော မေးခွန်းများကို ဖြေဆိုခြင်းအားဖြင့် တိုင်းပြည်သည် မည်မျှအကျင့်အနေ ဖောက်ပြားနေကြကြောင်းကို သိနိုင်ပါသည်။

× × ×

## မြို့ရန်ကုန်

ရန်ကုန်မြို့ကား မြန်မာပြည်၏ မျက်နှာဖုံးမြို့တော် ဖြစ်သည်။ ကမ္ဘာက ဗမာ့အကြောင်းကို လေ့လာစုံစမ်းကြည့်ရှုမှု ပြုလိုလျှင် ရန်ကုန်မြို့ကိုသာ လေ့လာသည်။ ကြည့်ရှုသည်။ ရန်ကုန်မြို့သူမြို့သားများကား မြန်မာ့ကိုယ်စား ကမ္ဘာသို့တင်ပြခြင်းခံရသော မြို့သူမြို့သားများ ဖြစ်ကြသည်။

တိုင်းကြီးပြည်ကြီးသား ပီသမှု၊ လူမှုဆက်ဆံရေး အဆင့်အတန်းမီမှု၊ ကမ္ဘာက မြန်မာ့ကို အထင်အမြင်ကြီးမှု သေးမှု စသော ဝတ္တရားများကား မြန်မာ့ကျေးလက်တို့ထက် ရန်ကုန်မြို့ကြီးအပေါ်ဝယ်

mgyoe.com

mgyoe.com



တည်ရှိသည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံ မြတ်စွာဘုရားကြီးကား လွန်စွာပင် လှပသပ္ပာယ်ပါသည်။ ရန်ကုန်မြို့သို့မရောက်မီ ဝေးစွာသောဒေသမှာပင် စေတီတော်ကြီးကို ဖူးတွေ့နိုင်သဖြင့် ရွှေတောင်ကြီးသဖွယ် တဝင်းဝင်း တောက်ပကာ မြို့တော်ကြီးနှင့် ပန်းရလှသော ဆံတော်ရှင်ကို မြင်တွေ့ရသူတိုင်း စိတ်လက်ကြည်နူးကာ ထိုမြို့ကြီးအပေါ်ဝယ် အထင်အမြင်ကြီးမားစေနိုင်ပါသည်။ ကမ္ဘာရပ်ခြား တိုင်းတစ်ပါးမှ ရောက်လာကြသည့် လူမျိုးကွဲပြား သူတို့ကလည်း ဤစေတီတော်ကြီးကို မြင်တွေ့ရသည်နှင့် တစ်ပြိုင်နက် ကမ္ဘာ၏ အံ့ဖွယ်အံ့ရာထဲတွင် စာရင်းတင်မိကြပေလိမ့်မည်။ ထိုနည်းတူ မြို့တော်သူ မြို့တော်သား၏ အနေအကျင့် အမူအရာတို့သည်လည်း မည်မျှ တိုးတက်သည်၊ မည်မျှ ကမ္ဘာအရပ်ရပ်ဒေသတို့နှင့် ကွဲပြားခြားနားသည်ကို လေ့လာလိုကြလိမ့်မည်။ မလေ့လာစေကာမူ မျက်စိကိုဖွင့် နားကိုစွင့်၍ နေကြပေလိမ့်မည်။

တိုင်းခြား နိုင်ငံခြားမှ လာရောက် တည်းခို လည်ပတ်သောသူများအား မြန်မာတို့၏၊ အံ့ဖွယ်အံ့ရာ၊ ယဉ်ကျေးမှုလက်ရာဖြစ်သော ဤ လေးဆူဓာတ်ပုံ ရွှေတိဂုံမြတ်စွာဘုရားကြီးအား ပြသခြင်းသက်သက်ဖြင့် တိုင်းတစ်ပါးသားတို့သည် ယခုခေတ် မြန်မာလူတစ်စုအား အရမ်းပဲ အထင်ကြီးမည်၊ မြန်မာသည် ကမ္ဘာ့အဆင့်အတန်းတွင် ရေချိန်မီပါပေသည်ဟု တိုင်းတစ်ပါးသားတို့က ထင်မြင်ယူဆပါမည်လော။

သူတို့ ဖွင့်ကြည့်နေသော မျက်စိအောက်တွင် ကျွန်ဘဝမှ လွတ်မြောက်ကာ သခင်ဘဝနှင့် သခင်ကျင့် ကျင့်နေသော မြန်မာတို့ကို မြင်ပေမည်။ စွင့်ကာနေသော နားအတွင်းသို့ သခင်မြန်မာတစ်စု၏ ပြောသံဆိုသံ၊ အော်သံဟစ်သံများကို ကြားပေလိမ့်မည်။

ရန်ကုန် မြို့တော်သူ မြို့တော်သားတို့ သင်တို့၏ အမူအကျင့်

mgyoe.com

mgyoe.com


ကား မြန်မာအားလုံးတို့၏ အမူအကျင့်ပင်။ သင်တို့၏ အပြောအဆိုကား မြန်မာတစ်မျိုးလုံး၏ အသံပင်။ ကြေးမုံပြင်တွင် အရိပ်ထင်ဘိသကဲ့သို့ သင်တို့၏ အကျင့်အမူအပြောအဆိုတို့ကို မြန်မာတစ်မျိုးလုံး၏ အရိပ်အယောင်ဟူ၍ မှတ်ထင်ခံရမည်ဖြစ်ရာ ရန်ကုန်မြို့ကား မြန်မာလူမျိုးအားလုံး၏ ဂုဏ်သိက္ခာကို စောင့်ထိန်းနိုင်သော မြို့။ မြန်မာလူမျိုးတို့၏ အသရေကို ပျက်စီးအောင် အထင်အမြင်သေးအောင် ပြုနိုင်သော မြို့ဖြစ်ကြောင်းကို သင်တို့ သတိထားမိကြပါ၏လော။ သို့ သတိထားမိကြလျှင် သင်တို့၏ နေမှုထိုင်မှု တိုင်းကြီးသားပီသမှုများသည် ယခင်ကျွန်ဘဝထက် ယခု သခင်ဘဝတွင် တိုးတက်ပါ၏လောဟူ၍ စောကြော စစ်ဆေးပါက မည်သို့ အဖြေကို ပေးကြမည်နည်း။

× × ×

## စစ်

စစ်ဆိုလျှင် မကောင်းကြောင်း၊ စစ်သည် လူသတ္တဝါတို့၏ ကိုယ်၊ စိတ်၊ နှလုံး သုံးပါးလုံးကို အလွန်အမင်း ဆင်းရဲဒုက္ခကို ပေးနိုင်သောအရာဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံအသီးသီးက တဖွဖွ ပြောဆိုလျက်ရှိကြသည်။ ကမ္ဘာတစ်ဝှမ်းရှိ လူတိုင်း လူတိုင်းက စက်ဆုပ်ရွံရှာလျက်ရှိကြသည်။

မြန်မာလူမျိုးများကား စစ်၏ အရသာ၊ စစ်၏ ဆိုးဝါးမှုများကို ရှေးယခင် ကမ္ဘာစစ်အချိန်မှ ယခု ဒုတိယကမ္ဘာစစ်အထိ ကောင်းစွာ မသိကြပေ။ စစ်၏ကိုယ်တွေ့ ဒုက္ခပေါင်းစုံကို မခံစားခဲ့ဖူးကြသဖြင့် ယခင် ကမ္ဘာစစ် အချိန်အခါတွင် ဘယ်တိုင်းပြည်ကို ဂျာမနီက ဗုံးကြဲသည်၊ 'အင်မဒင်'ရေငုပ်သင်္ဘောကြီးက ဘယ်နေရာမှာ လိုက်လံဖျက်ဆီးနေသည်ဟူသော သတင်းထူး သတင်းဆန်းများကို မြိန်ရှက်စွာ ပြောကြ

mgyoe.com

mgyoe.com



ဆိုကြ၊ ဆွေးနွေးနေနိုင်ကြပေသည်။ ပထမကမ္ဘာစစ်ကြီးကား ၁၉၁၀ ခုနှစ်တွင် ပြီးစီးခဲ့လေသည်။

ဤစစ်ကြီးအတွင်း သေကျေပျက်စီးရသော လူများကား ကိုးသန်းမျှ ရှိခဲ့လေသည်။ ကိုးသန်းဆိုသောစကားမှာ စာဖြင့် ဂဏန်းဖြင့် ရေးလျှင် အရေးလွယ် အဖတ်လွယ်လှပေသည်။ အမှန်စစ်စစ် လူဦးရေ အစုအပုံကို မြင်တွေ့ရမှုကား ထိုသေကျေပျက်စီးနေကြသည့် လူအစုအပုံကြီးကို ကြည့်ကာ သည်းခြေခိုင်လှပါသည်။ သူရသတ္တိပြည့်စုံလှပါသည်ဟု ချီးကျူးခြင်းကို ကမ္ဘာတွင် ထိပ်တန်းစွဲ မည်သည့်ပုဂ္ဂိုလ်မဆို မရူးဘဲ မနောက်ဘဲ နေနိုင်ပေလိမ့်မည် မဟုတ်ပေ။

လူသည် လူပေါ်ဝယ် ကြင်နာတတ်သော စိတ် ရှိမြဲ ဓမ္မတာဖြစ်သည့် အားလျော်စွာ ကမ္ဘာပေါ်တွင် အဆိုးဆုံး အယုတ်ဆုံးဘွဲ့ရသော လူများပင်လျှင် အမှန်စင်စစ် ကြင်နာတတ်၊ သနားတတ်သော စိတ် မကင်းနိုင်ချေ။

ထို ပထမကမ္ဘာစစ်တွင် တိုက်ပွဲဝင်ရင်း သေကြ၊ ကျေကြသော ကိုးသန်းမျှလူများကို ထားဘိဦး။ ထိုလူ ကိုးသန်း၏ အမိအဖ၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးဉာတိတို့ကား လူတစ်ဦး တစ်ဦးလျှင် အနည်းဆုံး ဆယ်ဦးခန့်ရှိခဲ့လျှင် သန်းကိုးဆယ်မျှသော လူတို့သည် တိုက်ပွဲတွင် ကျဆုံးသော သူတို့အတွက် မချိတင်ကဲ၊ သည်းအူကွဲအောင် လှိုက်လှဲ ငိုကြွေး၊ ပူဆွေးဖျာဖျာ မျက်ရည်မိုးရွာကြရပေမည်။ ထိုမျက်ရည်တို့၏ အစုအဝေးကို ပေါင်းစပ်နိုင်ခဲ့မူ မြစ်ချောင်းအင်းအိုင် ပြည့်လျှံမို့မောက် ပင်လယ်သို့ ရောက်အောင်ပင် စီးဆင်းနိုင်ပေမည်။

စစ်အတွင်း စာရင်းမတင်နိုင်သော လူသတ္တဝါတို့၏ ပျက်စီးမှုများကား အနန္တပင်။ ထိုလူတို့နှင့် ဆက်သွယ်၍ ငိုကြွေးယိုကြ အော်ကြဟစ်ကြရမည်။ အပူသည် အဆွေးသည် ဒုက္ခသည်တို့ကား ရေတွက်၍

mgyoe.com

mgyoe.com


ကုန်နိုင်ဖွယ်မရှိပေ။

စစ်ကား လူသတ္တဝါတို့အားလုံးကို စုကာပုံကာ လောင်မီးဖြင့် မြိုက်ခြင်းခံရသည်ထက် ဆိုးဝါးပေသည်။

လူတွင် ကြောက်မက်ဖွယ်ကောင်းလှသော ငတ်မွတ်ခေါင်းပါးမှု၊ ရောဂါအန္တရာယ်ဆိုးကြီးများ ဖြစ်ပေါ်မှု၊ တစ်ဦးနှင့်တစ်ဦး သတ်ဖြတ်မှုဟု ဆိုအပ်သော ကပ်ကြီးသုံးပါးရှိလေရာ လူသတ္တဝါတို့သည် ထိုကပ်သုံးပါးအနက် တစ်ပါးပါးကျရောက်မည်ကို အလွန်ပင်စိုးရိမ်ကြ၊ ကြောင့်ကြ ပူပင်ကြပေသည်။

မကြောက်လင့်၊ မလန့်နှင့်၊ မစိုးရိမ်ကြပါလင့်။

ငတ်မွတ်ခြင်းဘေးကား မစားရသူများသာ သေကျေပျက်စီးသည်။ ဒုတိယကမ္ဘာစစ်တွင် အိန္ဒိယပြည်၌ ငတ်မွတ်ခြင်းကပ်ကြီးဆိုက်စဉ်က သိန်းပေါင်းများစွာ ငတ်မွတ်သည့်ကပ်ဖြင့် ပျက်စီးခဲ့ရသော်လည်း စစ်ပြီး ဤအချိန်တွင် ရင်းစားပြည့်လျက်ရှိသည်။ ယင်းကြောင့် ငတ်မွတ်သည့်ကပ်ကား လူတွင် အလွန့်အလွန် ကြောက်မက်ဖွယ်ကောင်းသော ကပ်ဟု မဆိုသာပေ။

ရောဂါန္တရ ကပ်ခေါ်သည့် ရောဂါဆိုးကြီးများ ကျရောက်ခြင်းသည်လည်း အတိုင်းတိုင်း၊ အပြည်ပြည်တွင် မကြာခဏ ပေါ်ပေါက်လေ့ရှိသည်။ သို့သော် လူတိုင်းလည်း ရောဂါမကပ်ရောက်၊ ကပ်ရောက်တိုင်းလည်း မသေကြ၊ မပျောက်ကြဘဲ ထို ကပ်ဆိုးကြီး၏ အချိန်ကာလသည် ကုန်ဆုံးလေ့ရှိတတ်သည်။

ထားဘိဦးသတ်သတ်။

ထိုကပ်နှစ်ပါးမှ လွန်မြောက်အောင် သတ္တန္တရကပ်ကား ကျန်သေးသည်။ သူလည်း စစ်အခြေအနေသို့ မပြောင်းသမျှကာလပတ်လုံး တော်ပေသေးသည်ဟု ဆိုရပေမည်။

mgyoe.com

mgyoe.com



စစ်ကား ထိုကပ်ကြီးသုံးပါးလုံးကို သူနှင့် ထက်ကြပ်မကွာပင် ဆောင်၍ လာလေသည်။ တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုးသည် စစ်ကို လက်ခံသည်နှင့်တစ်ပြိုင်နက် ထိုကပ်ကြီးသုံးပါးကို လက်ခံပြီးဟု ယူဆရပေမည်။

စစ်ဖြစ်လျှင် လူချင်းသတ်ကြသည်။

လူချင်းသတ်ရန် ကြိုးပမ်းရမှု၊ ကိုယ်မသေဘဲ သူသေအောင် ရှောင်ရှားရမှု၊ တိုက်ခိုက်ရမှုတို့ကြောင့် တိုင်းပြည်တွင် ပကတိကျန်းမာမှု ချို့ယွင်းပျက်စီးကာ ရောဂါကပ်ကြီးသည် လွယ်လင့်တကူ ဝင်ရောက်လာလေသည်။

စစ်အတွင်းတွင် နေရထိုင်ရ၊ စားရသောက်ရသော စစ်သားများဘဝကို တွေးကြည့်ခြင်းဖြင့်သော်လည်းကောင်း၊ နေထိုင်စားသောက်မှုအတွက် ခက်ခဲလှသော တိုင်းသူပြည်သားဘဝကို တွေးတောခြင်းဖြင့်သော်လည်းကောင်း၊ ရောဂါကပ်ကြီး မျိုးစေ့ရှင်သန်ရန် မည်မျှလွယ်ကူသည်ကို လွယ်ကူစွာဖြင့်ပင် သဘောပေါက်နိုင်ပါသည်။

သတ္တန္တရကပ်တည်းဟူသော လူလူချင်း သတ်မှုဖြတ်မှု၊ ဖျက်ဆီးမှုကား စစ်အတွက် သက်သေပြစရာမလိုတော့ပေ။

ယင်းကြောင့် လူသတ္တဝါအား လောကတွင် အစုလိုက် အပြုံလိုက် ပျက်စီးစေတတ်သည့် အကြီးဆုံး လက်နက်ကား စစ်ပင် ဖြစ်တော့သည်။ အမျိုးလိုက် ချို၍ သုဉ်းစေသောအရာ၊ တိုင်းလိုက် ပြည်လိုက် ပျက်သုဉ်းစေသောအရာကား လောကတွင် စစ်ထက် ပိုမိုဆိုးဝါးသော လက်နက်သည် မရှိပေ။

ထို့ကြောင့် အကြင်လူတစ်စုသည်လည်းကောင်း၊ တိုင်းပြည်တစ်ပြည်သည် စစ်ကိုလိုလားမှု ရှိအံ့။ ထိုတိုင်းပြည် ထိုလူစုသည် ကပ်ကြီးသုံးပါးကို ဖိတ်မန္တကပြုသည် မည်တော့၏။

mgyoe.com

mgyoe.com

လူသည် လောကတွင် လူ၏ တိုးတက်ရေး၊ ကောင်းစားရေးကို အမြဲ လိုလားပါသည်ဟု အစဉ်မပြတ် ပြောကြလေ့ရှိ၏။ ဘယ်ဘာသာ ဘယ်အယူဝါဒမဆို လူကောင်းစားရေး၊ လူလူချင်း ကြင်နာမှု၊ ရိုင်းပင်းမှု တရားပွားများရေးသည် အဓိက ရည်ရွယ်ချက်ကြီးများပင်ဖြစ်ခဲ့ရာ တိရစ္ဆာန်သတ္တဝါထက် လူကား ဤအချက်များရှိခြင်းကြောင့် သာပေသည်ဟုဆိုရမည်။

သို့သော်လည်း စစ်ဟူသော အဖျက်လက်နက်ကြီးကား လူတွင် ရှိလေရာ ထိုသို့ စစ်တစ်ကြိမ် တစ်ကြိမ် ဖြစ်တိုင်း၊ လူသည် တိရစ္ဆာန် ထက် လွန်လွန်ကဲကဲ ဆိုးဝါးသည့်အခြေသို့ ရောက်ကြရလေတော့သည်။

ယင်းကြောင့် စစ်သည် လူ့လောကကို ဖျက်ဆီးသောအရာ၊ လူကို တိရစ္ဆာန်ဘဝ အဆင့်အတန်းထက် ယုတ်နိမ့်စေသောအရာ၊ တိုင်းပြည်မြို့ရွာအားလုံးကို မီးဟုန်ဟုန်းတောက်စေ၍ လူသတ္တဝါအားလုံး၏ သွေး ချွေး မျက်ရည် ပင်လယ်ဝေစေတတ်သော အရာကြီးဖြစ်ကြောင်းကို တစ်စိတ်တစ်ဒေသ ဖော်ပြခြင်းဖြစ်ပေရာ စစ်အတွက် ဆုံးရှုံးမှုနစ်နာမှု အတိအကျ အမှန်အကန် စာရင်းကို သိဘိမူကား ပိုမို၍ ကြောက်မက်ဖွယ်၊ စက်ဆုပ်ရွံရှာဖွယ် ကောင်းပေလိမ့်မည်။

စစ်ဖြစ်ခြင်းတွင်လည်း အမျိုးမျိုးရှိလေသည်။

ရှေးက အသက်ဦးဆံပိုင်သော ဧကရာဇ်၊ ပဒေသရာဇ် စသည့် ဘုရင်မင်းတို့သည် မိမိတို့ ဘုန်း၊ လက်ရုံး တန်ခိုးတေဇာတို့ကို ပြလိုခြင်းကြောင့် ဖြစ်ရသောစစ်မျိုး၊ ဥရောပတွင် ဂျူးလိယက်ဆီဇာ၊ အလက်ဇန္ဒား၊ နပိုလီယံ စသောဘုရင်များ တိုက်သည့်စစ်မျိုး မြန်မာပြည်တွင် တပင် ရွှေထီး၊ ဘုရင့်နောင်၊ ဆင်ဖြူရှင် စသော မင်းတို့ တိုက်ခိုက်သောစစ်မျိုးကို ယူဆရပေမည်။

တစ်ဖန် ကိုးကွယ်ဆည်းကပ်ယုံကြည်သည့် ဘာသာရေးစစ်မျိုး

mgyoe.com

mgyoe.com



ဥရောပတွင် ကရုဆိတ်စစ်ပွဲများ၊ မဟာဝင်တွင် ဒုဋ္ဌဂါမဏိ မင်းကြီး တိုက်ခိုက်သည့်စစ်၊ မြန်မာရာဇဝင်တွင် နော်ရထာမင်းစော တိုက်ခိုက်သည့်စစ်မျိုးကို ယူဆရပေမည်။

ပြည်တွင်းတွင် အချင်းချင်း စိတ်ဝမ်းမညီမျှ၍ ကိုယ့်ပြည်သူ ပြည်သားချင်း တိုက်သောစစ်မျိုး၊ အမေရိက ရာဇဝင်တွင် သမ္မတ လင်ကွန်းလက်ထက် တိုက်ခိုက်သော တောင်ပိုင်း မြောက်ပိုင်းစစ်၊ မဟာဝင်တွင် လိစ္ဆဝီမင်းသားတို့ တိုက်သောစစ်၊ မြန်မာရာဇဝင်တွင် များပြားလှပေရာ လက်ငင်းသက်သေပြရန်ကား ယခုဖြစ်ပွားနေသော ပြည်တွင်းစစ်ပွဲများပင် ဖြစ်တော့၏။

× × ×

## ပြည်တွင်းစစ်

စစ်သည် ဆိုးဝါးလှ၏။ စစ်တွင်လည်း ပြည်တွင်းစစ်သည် စစ်ရိုးရိုးထက် အဆ အရာအထောင် ပိုမိုကဲလွန်၍ ဆိုးဝါးလှပေတော့သည်။

အလွယ်ဆုံး ဥပမာကား စစ်သည် အိမ်၏ပြင်ပရှိ သူစိမ်း တစ်ရံနှင့် ခိုက်ရန် ဖြစ်ပွားရသည်နှင့် တူ၏။

ပြည်တွင်းစစ်ကား တစ်အိမ်တည်းနေ အမိနှင့်အဖ၊ မောင်နှင့် နှမ၊ သားနှင့်အမိတို့သည် တုတ်ဆွဲဓားဆွဲကာ သတ်ပွဲဆင်နေဘိသကဲ့သို့ ပင် တူလှ၏။

စစ်ရိုးရိုးကား မိမိဘက်က ကျဆုံးလျှင် ပျက်စီးလျှင် စိတ်မချမ်း မြေ့ဖွယ် ဖြစ်ရမည်ကား မှန်၏။ သို့သော် မိမိဘက်က အနိုင်ရလျှင်၊ အောင်မြင်လျှင် စစ်ပွဲတွင် မပါဝင်၊ မဆင်နွှဲကြရသော တိုင်းသားပြည်သူ တို့မှာ ဝမ်းပန်းသာမိကြပေမည်။ ပျော်မိရွှင်မိကြပေမည်။

ပြည်တွင်းစစ်ကား အမိနှင့်အဖ ဓားဆွဲ တုတ်ဆွဲ သွေးရဲရဲ

mgyoe.com

mgyoe.com


သံရဲရဲဖြင့် သတ်ပွဲဆင်နေရာတွင် အမိသေပါစေ၊ အဖရှင်ပါစေဟု ဆုတောင်းရမည်လော၊ အဖသေပါစေ အမိရှင်ပါစေဟု ဆုတောင်းရမည်လော။ အမိသော်လည်းကောင်း၊ အဖသော်လည်းကောင်း ဤသတ်ပွဲတွင် အသက်နှင့်ကိုယ် ကွဲကွာလျှင် ဘေးမှ သားနှင့်သမီး ဆွေမျိုးပေါက်ဖော်တစ်စုမှာ အမိ၏အောင်နိုင်ခြင်း၊ အဖ၏အောင်နိုင်ခြင်းများကို အကြောင်းပြု၍ အောင်သေအောင်သား စားကြနိုင်မည်လော။ အောင်ပွဲတွေခံ အောင်မောင်းသံ တညံညံဖြင့် ဘဝင်သိမ့်သိမ့် တငြိမ့်ငြိမ့်နှင့် ပျော်အားရွှင်အား ကြပါမည်လော။

လက်အုပ်ဖြင့် မျက်နှာကိုမိုး၍ မျက်ရည်မိုးရွာကာ အသုဘမသာအား တိုင်လားတန်းလား ဖွဲ့လားနွဲ့လားနှင့် လားအထွေထွေ သောက်သောက်ဝေစွာဖြင့် ငိုပွဲသဘင်သာ ကြီးမားစွာ ဆင်ယင်ကြရပေမည်ကား မလွဲတော့ပေ။

အဖသေလျှင်လည်း ဖတဆိုး၊ အမိသေလျှင်လည်း မိတဆိုးဘွဲ့အမျိုးမျိုးတွင် ဘယ်မျိုးမှ သက်သာမှုရမည်မဟုတ်သော သားငယ်သမီးငယ်တို့ ဘဝကဲ့သို့ ပြည်တွင်းစစ်ဖြစ်သည့် ကာလတွင် တိုင်းသားပြည်သူတို့ဘဝကား ဤနှယ်ပင် တူလှသည့်အကြောင်းကို ရုံးပေါင်း၍ ကိုယ်တွေ့ သာဓကများကို နောက်ပိုင်းတွင် တင်ပြပါမည်။

တစ်ဖန် သားငယ် သမီးငယ်တို့ဘဝကား အမိကိုလည်း ငယ်စဉ်တောင်ကျေး အကလေးက နို့ချိုတိုက်ကျွေး ပိုက်ထွေးယုယကာ လာသူဖြစ်သဖြင့် ချစ်လှပေမည်။

အဖကိုလည်း ရွှေတောင်ကြီးပမာ အားကိုးရာတသွယ် ခင်တွယ်ရာတဝမို့ ခင်ကြ တွယ်ကြရပေသည်။

"လူကလေး ... မိခင်နှင့်ဖခင် နှစ်ဦးအနက် ဘယ်သူ့အား အချစ်သွေးပိုပါသနည်း" ဟူသော မေးခွန်းကို မိနှင့်ဖ နှစ်ဦးအကြား

mgyoe.com

mgyoe.com



သားငယ်ကို ထား၍မေးလျှင် သားငယ်မှာ အဖြေမပေးသာတော့သကဲ့သို့ တိုင်းသူပြည်သားတို့အား ယခုအချိန်အခါမျိုးတွင်မေးလျှင် အဖြေခက်လှပါသည်။

မိနှင့်ဖ ရန်ဖြစ်ရာတွင် သားငယ်အား အမိဘက်ကပါသူ အမိအား အချစ်ပိုသူဟု ရန်မူ၍ ဖခင်က ပုတ်ခတ်ရိုက်နှက်လျှင်သော်လည်းကောင်း၊ မိခင်ကလည်း ဤနည်းတူစွပ်စွဲ၍ ဆဲရေးပုတ်ခတ်သည့်အခါတွင်သော်လည်းကောင်း သားငယ်မှာ မျက်ရည်ကို လက်ဖြင့်သိမ်းကားမတိမ်းသာမရှောင်သာ၊ ဖ ရိုက်လျှင်လည်း ငိုကြွေး၊ မိ ရိုက်လျှင် မျက်ရည်ဖြင့် မျက်နှာဆေး၍ ကလေးဘဝ နေကြရှာရဘိသကဲ့သို့ ဤမည်သောပြည်တွင်းစစ်ဖြစ်ပွားသည့် ကာလတွင်လည်း ဤဘက်က ခေါ်လျှင်လည်း ဤဘက်သို့ သွားရ လုပ်ရ ကိုင်ရ ဆောင်ရွက်ကြရ၍ ထိုဘက်က ခိုင်းလျှင်လည်း မဆိုင်းမတွ တရွရွဖြင့် လုပ်ရကိုင်ရသည့်အခါ မိနှင့်ဖနှစ်ဦးက ထင်မှုမြင်မှု လွဲချော်မှုကြောင့် ခံရသည့်ကလေးကဲ့သို့ ပြည်သူလူအပေါင်းမှာ ထောင်းထောင်းကြေညက်ခံရသည့် အချက်များကား ပြည်တွင်းစစ်မှ ပေါ်ထွက်ပေါက်ဖွားလာသည်သာ များလှပေတော့သည်။

တစ်တိုင်းတစ်ပြည်နှင့် စစ်ဖြစ်ပွားသောအခါ မိမိတိုင်းပြည်အားရန်ပြုမည့်လူမျိုးကို မြင်ကာမျှပင် သိနိုင်သည်။ ဥပမာ ဂျပန်လူမျိုးသည်ကျွန်ုပ်တို့လူမျိုးနှင့် နောက်ဆုံးသောအချိန်တွင် ရန်သူဘဝ ရောက်ကြသည့်ကာလတွင် ဂျပန်မြင်လျှင် အဝေးက ရှောင်နိုင်သည်။ မိမိက နိုင်နင်းနိုင်သည့်အရည်ရှိမှု နှိမ်နိုင်နင်းနိုင်ပေမည်။ ပြည်တွင်းစစ် ပြည်တွင်းရန်သူကား အသိခက်၍ ရှောင်မလွယ် တိမ်းမလွယ် နှစ်သွယ်သောရန်အကြားပင်မြေဇာအလားသို့ ပြားပြားဝပ် ညက်ညက်ကြေ တိုင်းသားပြည်သူမှာဒုက္ခပင်လယ်ဝေအောင် ခံကြရပေသည်။

တိုင်းပြည် တစ်ပြည်နှင့်တစ်ပြည် လူတစ်မျိုးနှင့်တစ်မျိုး စစ်

mgyoe.com

ဖြစ်လေတိုင်း စစ်ပွဲတွင် နှစ်ဦးနှစ်ဖက် ကျဆုံးကြ သေကြရမည်ကား အမှန်ဖြစ်သည်။

မည်ကဲ့သို့သူများသည် အများအပြား သေကျေပျက်ပြုန်းရသနည်းဟူ၍ ဆန်းစစ်မှု သူရသတ္တိနှင့် ပြည့်စုံသူ၊ တိုက်ဝံ့သူ၊ သေဝံ့သူတို့ကား နှစ်ဦးနှစ်ဖက်မှ ကျဆုံးကြရလေသည်။ 'သူရဲကောင်းသည် ဆုတံဆိပ် မဆွဲဆင်ရ'ဟူသောစကားကဲ့သို့ တကယ်ပင် စစ်ပွဲတွင် မိမိအသက်ကို ပန်းငယ်တစ်ပွင့် သစ်ရွက်ငယ်တစ်ချပ်မျှ ထင်ကာ တိုက်ပွဲဝင်လေ့ရှိသော သူရဲကောင်းတို့ကား ဆုတံဆိပ် ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရဖို့ မရှိပြီ။ တိုက်ပွဲမှာပင် မည်သူမှု မသိမမြင် ဥဒါန်းမတင်နိုင်သော အသေမျိုးဖြင့် သေကြရလေသည်။

ယင်းကြောင့် စစ်ဖြစ်လျှင် တိုင်းပြည်နှင့် လူမျိုးတို့၏ အဖူးအညွန့်ကလေးများဖြစ်ကြသည့် တိုင်းချစ် ပြည်ချစ် မျိုးချစ် သူရဲကောင်းစစ်တို့မှာ စစ်တည်းဟူသော ယဇ်နတ်အား အမှတ်မထင် သဘင်မဖွဲ့စာမချဲ့ဘဲ အသွေးအသားများ ပူဇော်ပသကြရလေသည်။

ငါတို့၏သူရဲကောင်း မျိုးချစ်စစ်သည်တော် ဆုံးရှုံးသလို သူတို့၏ တိုင်းချစ်ပြည်ချစ် စစ်သည်တော်များ ကျဆုံးသည်ဟူ၍ နှလုံးပူပန်မှုကို ဖြေနိုင်ရန်ကား ရှိပါသေး၏။

ပြည်တွင်းစစ်ကား ငါတို့၏ ငါတို့၏ဖြင့်သာ ကိုယ့်ပြည်မှာ နာပြီးတိုင်းနာ ရှုံးပြီးတိုင်းရှုံးလေရကား ပြည်တွင်းစစ်ပွဲတွင် တစ်ဖက်မှ တစ်ယောက်စီကျလျှင် တိုင်းပြည်တွင် အဖူးအညွန့် နှစ်ညွန့်ကြွေ၍ တစ်ရာစီကျလျှင် နှစ်ရာမျှ ဆုံးရှုံးရပေခြင်းကြောင့် အဘယ်မှာလျှင် ကောင်းနိုင်ပါအံ့နည်း။

× × ×

mgyoe.com

mgyoe.com



## ဗိုလ်ချုပ်နှင့် ကျွန်ုပ်တို့မျက်ရည်

လူသည် အမိဝမ်းမှ လူ့ဘဝရောက်သည်နှင့် တစ်ပြိုင်နက်
လောကကို မျက်ရည်ဖြင့်တိုက်ခဲ့၏။ (မင်းနွယ်)

ထိုစဉ်ကာလ ဒုတိယကမ္ဘာစစ်ပွဲကြီးစချိန်တွင် နန်းရင်းဝန်၊ စစ်ဝန်ကြီးချုပ်အဖြစ်ဖြင့် ထမ်းရွက်နေသော မစ္စတာ ချာချီပြောသော စကားများအနက် ကျွန်တော် နားမရှင်းသော စကားတစ်လုံး ရှိခဲ့ပါသည်။

"ကျွန်ုပ်သည် ဤစစ်ပွဲကြီး၏ အောင်မြင်ရေး၊ ထမြောက်ရေး အတွက် ကျွန်ုပ်၏တိုင်းပြည်အား သွေး၊ ချွေး၊ မျက်ရည်တို့ကို အစွမ်းကုန်ပေး၍ ကြီးလေးသောတာဝန်ကို ထမ်းရွက်ပါမည်"ဟူသော စကားဖြင့် မိမိ၏တိုင်းပြည်အား တိုင်တည်ခဲ့လေသည်။

ဤအချိန်တွင် စာရေးသူကား မစ္စတာချာချီ၏ စကားကို ခွဲခြားဆန်းစစ်၍ နားလည်အောင် ကြံဆသည်။

'သွေး' ရှင်းလှပါသည်။ အဓိပ္ပာယ် စင်းလှပေသည်။ စစ်ပွဲတစ်ပွဲ ဆင်နွှဲရန် အရေးသည် မြေပြင်ဖွေးမျှ သွေးချောင်းကျရပေမည်။ ကျမည့်သွေးကို တွေးကြောက်ကာနေလျှင် စစ်အခြေယွင်းမည်ကား မလွဲတော့ပေ။ စစ်သည်တော်တပ်သားတို့သည် စစ်ပွဲသို့ နွှဲဝင်တိုင်း မိမိ၏ သွေးကို စစ်တည်းဟူသော ယစ်နတ်အား စစ်မြေပြင်တွင် ပူဇော်ပသမှ သာလျှင် အောင်ပွဲရနိုင်ပေသည်။

ယင်းကြောင့် တိုင်းပြည်တာဝန်ကို ထမ်းရွက်ရန် သွေးကို ပေးလှူမည်ဟူသောစကားသည် အထူးပင် လေးနက်ရှင်းလင်းသော စကားဟု ဆိုရပေမည်။

'ချွေး' ယင်းစကားလုံးသည်လည်း ဝိတ္ထာရမချဲ့ စာမဖွဲ့ဘဲဖြင့်ပင် ရှင်းလှပြောင်လှသော စကားဖြစ်သည်။

တစ်နည်းအားဖြင့် သွေးဟူသောစကား၏ တူညီချက်ကို သတ္တိ

mgyoe.com

mgyoe.com


ဟူ၍ အဘိဓာန်တွင် ထည့်မူ၊ ချွေးဟူသော စကားကိုလည်း ဖွဲ့ဟူ၍ ထည့်သွင်း ပြန်ဆိုရပေမည်။ မည်သူမဆို လုပ်ငန်းဆောင်တာကို လုပ်ကိုင်ဆောင်ရွက်ရာတွင် နဖူးပြင်မှ ချွေးစို့လျှင် လုပ်ငန်းကို ရပ်နားလိုစိတ် ရှိသည်။ ပင်ပင်ပန်းပန်း တကယ်တမ်း ဆောင်ရွက်သလောက် ချွေးပေါက်ကြီးငယ် အသွယ်သွယ်တို့သည် စီးယိုကျလေရကား လူတစ်ယောက်၏ ဖွဲ့စံချိန်ကား နဖူးမှချွေးသီး မြေသို့စီးသည့်တိုင် မည်မျှကြာရှည်စွာ လုပ်စွမ်းကိုင်စွမ်း ရှိသည်ကိုကြည့်၍ ဖွဲ့ကိုသိနိုင်ပေသည်။ ထိုကြောင့် ချွေးဟူသောစကားဖြင့် တူညီချက်ကို ဖွဲ့ဟူ၍ ခေါ်ဆိုနိုင်လေသည်။

'မျက်ရည်' ငှင်းကိုစဉ်းစားဖွယ် သုံးသပ် ဆင်ခြင်ဖွယ် အချက်ကလေးများသည် သွေး၊ ချွေးတို့ထက် ပိုမို၍ လေးနက်ပေသည်။ တိုင်းရေးပြည်ရေး ဆောင်ရွက်မှုတွင် မျက်ရည်သည် အဘယ်နည်းဖြင့် အထောက်အပံ့ ဖြစ်ပေါ်နိုင်သနည်း။

တိုင်းပြည်ကြီး ကောင်းစားရန်အရေးသည် ငိုကြွေးနေခြင်းဖြင့် ကောင်းစားနိုင်ပါမည်လော။ ဤသို့ဖြစ်မူ နို့စို့နို့ညှာ အမိရင်တွင်းတွင် တအာအာ ငိုကြွေးနေကြသည့် ကလေးငယ်တို့သည် နိုင်ငံရေးတွင် မျက်ရည်အပေးနိုင်ဆုံး ဖြစ်ကြမည့်သူများဟု ဆိုရပေမည်။ သူတို့အား နိုင်ငံရေးရှေ့တန်းမှ မျက်ရည်တစမ်းစမ်းနှင့် ချီတက်ဆောင်ရွက်စေရလျှင် မသင့်ပေလောဟူသော အမေးအဖြေတို့ကား ထွက်နိုင်ပေါ်နိုင်သည်။

ယင်းကြောင့် ထိုစဉ်က မစ္စတာချာချီ၏ စကားပုံ ခိုင်းနှိုင်းသည့် သုံးမျိုးအနက် မျက်ရည်၏ သဘောအနက်ကို ဤစာရေးသူသည် အဘိဓာန်အဓိပ္ပာယ် သက်၍မရဘဲ နေခဲ့ရလေသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်တို့ ကျဆုံး

mgyoe.com

mgyoe.com



လေသည်။ နေ့လယ်ပိုင်းကပင် အသံလွှင့်ဌာနမှ ညပိုင်းတွင် အရေးကြီးသော မိန့်ခွန်းတစ်ရပ်ကို ဘုရင်ခံမင်းကြီးက မိန့်ကြားမည်ဟူ၍ ပြောထားသဖြင့် ညနေပိုင်းအချိန်တွင် ဗိုလ်ချုပ်နှင့်တကွ အပေါင်းပါ ခေါင်းဆောင်များအား လူမသမာတစ်စုက လုပ်ကြံခြင်းခံရကြောင်းကို ဘုရင်ခံက အင်္ဂလိပ်ဘာသာဖြင့် တစ်ကြိမ်၊ ထို့နောက် မြန်မာဘာသာဖြင့် ပြန်လည်၍ တစ်ကြိမ် အသံလွှင့်လိုက်သည်နှင့်တစ်ပြိုင်နက် ကြားရသူများမှာ ပွက်ပွက်လှိုက်ဆူ သည်းအူမြိုက်မြိုက် ခေါင်းစိုက်စိုက်ဖြင့် ဖိုလှိုက်ပူဆူ ပင့်သက်ရှူလျှက် ပွက်ပွက်စီစီ တိုင်းပြည်၏နောင်ရေးကို တွေးကြ တောကြ ပြောကြ ဆိုကြ တိုင်ပင်ဆွေးနွေးကြလတ်ကုန်၏။

"ဘယ်သူများပါလိမ့်၊ လုပ်ကြံတဲ့သူဟာ ..."ဟု တစ်ယောက်က စလျှင် တစ်ရာကတွေး ကိုယ်ထင်ရာမြင်ရာ အဖြေကလေးတွေ ထွက်လာကြကုန်၏။

အသံလွှင့်ဌာနသို့ ရေနံချောင်းမှ ခုလိုချိန်ခါမျိုး စိတ်ညှိုးနွမ်းလျှပူလောင်ပင်ပဝေနေရသည့်အထဲ ချစ်မှု ခင်မှု ကြင်နာမှုတွေနှင့် အခွဲ အဟဲထူလှသည့် တီးသံမှုတ်သံတွေ မကြားပါရစေနဲ့ဟု အခြောက်တိုက် လှမ်းကာ ကြိမ်း၍ အသံလွှင့်ဌာနက 'ဝတ္တရားမို့သာ ဆောင်ရွက်နေကြရပါသည်။ ကျွန်တော်တို့လည်း သည်းခြေတစ်ပိုင်း ပျက်ကြွေကာနေပါပြီ' ဟု ပြန်လည်ဖြေကြားကာ တီးမှု မှုတ်မှုကို ရပ်ဆိုင်းကြရှာသည်။

ထိုနေ့ည ကျွန်တော် အိပ်၍မပျော်ပါ။ ကျွန်တော် သာလော။ အိမ်ဘေးပတ်ဝန်းကျင်မှ လူများလည်း ကျွန်တော်ကဲ့သို့နှင်နှင် အတွေးပွဲဝင်ကြသည်ဟု သိရပါသည်။ သူတို့သာလော၊ ဟုတ်မည်မထင်သေး။ မြန်မာပြည်အရေးကို တွေး၍ ရင်လေးနေကြသူကား များလှပေကြောင်းကို နောက်နေ့ သတင်းစာများတွင် တွေ့ရသည်။

နောက်နေ့ နံနက်ပိုင်းတွင်ကား ကျွန်တော်နေသောအရပ်တွင်

mgyoe.com

mgyoe.com



လူအပေါင်းတို့၏ ပါးစပ်ဖျားတွင် ပြောကြားကြသည့် စကားစုကား ဗိုလ်ချုပ်အကြောင်းကလွဲ၍ မပြောနိုင်ဘဲ ဖြစ်နေကြတော့၏။

နံနက်ပိုင်း၊ နေ့လယ်ပိုင်း၊ ညနေပိုင်းများတွင်လည်း အသံလွှင့်စက်ရှိရာသို့ လူတစ်စုမှာ တအုန်းအုန်း တဝိုင်းဝိုင်း လာရောက်ကာ ထူးခြားမည့်သတင်းကို နားထောင်ရန် လာကြကုန်၏။

ထို့နေ့ညနေ ကျွန်တော့်ထံသို့ အတိုက်အခံပါတီဝင် မောင်ကျော်သိမ်းသည် မသာယာသော မျက်နှာဖြင့် လာရောက်လျက်ရှိပါသည်။

"ဘယ့်နှယ်လဲ မောင်ကျော်သိမ်း၊ ဗိုလ်ချုပ်တို့တော့ မရှိရှာဘူး" ဟု ကျွန်တော် နိဒါန်းပျိုးလိုက်လျှင် –

"ဟုတ်တယ်ဆရာ ...၊ ကျွန်တော်တို့လည်း တကယ့်ကို စိတ်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းမိပါတယ်။ ကနေ့ညနေ ပါတီမှာ အစည်းအဝေးလုပ်ပြီး ညစာမစားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော် ဗိုလ်ချုပ်အကြောင်း ကောင်းကောင်းသိတယ်။ သူ့အိမ်မှာ နေခဲ့ဖူးတယ်၊ စားခဲ့ဖူးတယ်။ ကျွန်တော်နေတုန်းက သူ့အိမ်မှာ ထမင်းစားနေကြရတဲ့ လူတွေ မနည်းဘူး။ ဟင်းလည်း ဗိုလ်ချုပ်တို့ရယ်လို့ အထွေအထူးမချက်နိုင်ပါဘူး။ အားလုံးဖို့ ချက်တဲ့ဟင်းထဲက သူတို့ ခွဲခပ်ထားရတာပါပဲ။ တစ်ခါတလေ ဒီဟင်းတောင် ကျွန်တော်တို့က ချမ်းသာမပေးဘူး။ ဖိနပ်ဆိုလည်း သူ့ဖိနပ်၊ ငါ့ဖိနပ် ခွဲမနေနိုင်ဘူး၊ ဦးရာဖိနပ် စီးသွားကြတာပဲ။ သူ စိတ်တိုသလောက် ဒီလိုဟာတွေ သည်းညည်းခံရှာပါတယ်"

ဟု အလွန် လှုပ်ရှားနေသောအသံဖြင့် ပြောနေစဉ်–

"အခုအချိန်က စပြီး ... ကျဆုံးလေပြီးဖြစ်တဲ့ ခေါင်းဆောင်ကြီး၊ ဗိုလ်ချုပ်ရဲ့မိန့်ခွန်း ဓာတ်ပြားကို ပြန်လည်အသံလွှင့်ပြပါမယ်"

ဟူသော အသံလွှင့်ဌာနမှ ပြောသံကိုကြားလိုက်သဖြင့် နှစ်ဦးသား ငြိမ်သက်စွာ နားထောင်နေစဉ် ပီယဝါစာမရှိ၊ ပကာတိရိုးရိုးနဲ့

mgyoe.com

mgyoe.com



တဲ့တိုးအိုးပေါက်လေသံဖြစ်သည့် ဗိုလ်ချုပ်၏ မိန့်ခွန်းစကားသည် ထွက်ပေါ်လာလေတော့သတည်း။

ကျွန်တော်ကား ဗိုလ်ချုပ် ကျဆုံးသည်ဟူသော သတင်းကို ကြားရစဉ်က အတော်ပင် စိတ်၌ ထိခိုက်မိပါ၏။ သို့သော် နှုတ်မှ ဟယ် ဟာ ဟူသော အာမေဋိတ်စကားစုကို မြွက်ဟမိခြင်းမှ ပို၍ ဣန္ဒြေမဲ့ မဖြစ်မိချေ။ နောက်နေ့နံနက်တွင် အရပ်ထဲ၌ စကာ ဝေးကာ ဆွေးနွေးကြ ပြောကြ ဆိုကြသည့် ကာလများတွင်လည်း စိတ်ထဲတွင် တအုံနွေးနွေး မကြည်မလင်ဖြစ်နေခြင်းကလွဲ၍ ထူးကဲသော အမူပျက် အနေပျက် မဖြစ် ခဲ့ဖူးပါ။

သို့သော် ယခု ဗိုလ်ချုပ် ကျဆုံးပြီးမှ ပြန်လည်၍ လွှင့်သော အသံသွင်းဓာတ်ပြားကို ကြားရသည့်အခါတွင်မူကား ဝမ်းတွင် လှိုက်လှဲ တုန်လှုပ်ရာမှ လည်သို့ဆို့သလိုလို ဖြစ်ကာ မျက်ရည်အချို့တို့သည် ဆို့ရာမှ နယ်လွန်ကာ သွန်သကဲ့သို့ စီးဆင်းလာတော့သည်။

မျက်ရည်ကျရသည်ကိုလည်း ရှက်မိပါသည်။ ယင်းကြောင့် ကျွန်တော်၏ စိတ်မခိုင်မာမှုကို မောင်ကျော်သိမ်းမြင်လျှင် သာ၍ ရှက်စရာ ကောင်းမည်ဖြစ်ခြင်းကြောင့် သူ ကျွန်တော့်အား ကြည့်နေမနေကို အကဲ ခတ်ရာ သူသည် ကျွန်တော့်ကိုကြည့်ကာ နေပါသည်။

သို့သော်လည်း ကျွန်တော် မရှက်တော့ပါ။ စိတ်နုသူဟူ၍ သူ အထင်ရောက်မည်ကိုလည်း မကြောက်တော့ပါ။ သူလည်း မျက်ရည်တွေ အုံးအုံးချိမ့်ချိမ့် တလိမ့်လိမ့်ကျစီးနေသည်ကို တွေ့ရသဖြင့် မရှက် မကြောက်ခြင်း ဖြစ်ပါတော့သည်။

"ကဲ ... မောင်ကျော်သိမ်း မင်းရော ငါပါ ဗိုလ်ချုပ်ရဲ့အကြောင်း တွေးပြီး သနားမိကြ၊ မျက်ရည်ကျမိပြီ။ ဒီတော့ ... ငါပြောချင်တာဟာ မင်းတို့ ဗိုလ်ချုပ်မသေခင်မှာ မင်းတို့နဲ့ ဗိုလ်ချုပ်ဟာ မသင့်မမြတ်ဖြစ်နေ

mgyoe.com

mgyoe.com


တယ်၊ ခုလိုအချိန်မှာ ဗိုလ်ချုပ်ကိုချစ်တဲ့ သနားတဲ့လူတိုင်းဟာ ဗိုလ်ချုပ်နဲ့ မသင့်မြတ်တဲ့လူစုကို လက်သည်မပေါ်ရင် မင်းတို့ကိုတောင် စွပ်စွဲလိမ့်မယ်။ ဒါတွေကို မင်းတို့က သည်းခံကြကွယ်၊ ငါတော့ မီးလောင်ပြင် အမှိုက်မှ မရှင်းရသေးဘူး၊ ပြည်တွင်းစစ်များ ဖြစ်လာမှဖြင့် တို့တစ်တွေရဲ့ တိုင်းပြည်လူထုဟာ ဘယ်တော့ နာလန်ထူပါ့မလဲဆိုတာသာ တွေးပူမိတာပဲ"

ဟု သွန်သင်စကားပြောသည်ကို မောင်ကျော်သိမ်းသည် –

"ငြိမ်းချမ်းစွာ နေပါမည်၊ ဗိုလ်ချုပ် ချမှတ်သွားသည့်လမ်းစဉ်ကို တစ်သွင်တည်း လိုက်ပါတော့မည်"

ဟူသော ဝန်ခံချက်ကိုပေးကာ လေးလံသော ခြေလှမ်းဖြင့် ပြန်သွားရှာပါတော့သည်။

မောင်ကျော်သိမ်း ပြန်သွားပြီးနောက် တောင်တောင်အီအီ အလီလီကို တွေးရင်းတောရင်း လူ့ဘဝတွင် မျက်ရည်ကျရသည်။ မျက်ရည်တန်ဖိုးကား အဘယ်နည်းဟူသော အတွေးသံသရာချဲ့ရာမှ အောက်ပါ တွေးတောမှုအစုစုကို စာဖြင့် မှတ်တမ်းတင်မိပါတော့သတည်း။

× × ×

## မျက်ရည်

"လူသည် မွေးကာစကပင်လျှင် လောကကို မျက်ရည်ဖြင့် တိုက်ခဲ့၏"

"မျက်ရည်သည် လူ၏အမိဋ္ဌာန်စိတ်ကို အဓိကထား၍ လောကအား တိုက်ခိုက်လေ့ရှိ၏"

ရှင်းဦးအံ့။

အကြင်အမိ၏ ရင်တွင်းမှ မလွတ်ကင်းသော နို့စို့သားငယ်

mgyoe.com

mgyoe.com



သည် အမိ၏ နို့ချိုကို သောက်မျိုလိုလှသည့်အချိန် ဆာလောင်မွတ်သိပ်သည့် ကာလများတွင် အမိ၏ နို့ချိုကို မတိုက်မကျွေး မပေးမစွန့်မချင်းတင်းလှသော အဓိဋ္ဌာန်စိတ်ဖြင့် တအယ်အယ် ငိုကြွေးမည်တမ်းကာ အမိအား နို့ချိုကို ပေးအပ်စေ၏။

ထို့ပြင်လည်း နို့စို့အရွယ်မှ လွန်မြောက်၍ ခုန်ပေါက်ပြေးလွှားကစားနိုင်သည့်အရွယ်။ ထိုမှလွန်ကျူး အထူးထူးသော အသက်အရွယ်ကာလတို့တွင်လည်း သူငယ်ဘာဝ တောင့်တသည့်အာသာ။ လိုရာကိုမရ မပြည့်တင်းလျှင် တင်းတင်းမာမာ တစာစာ ငိုကြွေး၍ မိမိလိုရာကိုပေးသည့်တိုင် မျက်ရည်ဖြင့် တိုက်ခိုက်လေ့ရှိ၏။

အကြင်လူတစ်ဦး၌သော်လည်းကောင်း၊ တစ်စု၌သော်လည်းကောင်း မိမိတို့၏ မှီခိုရာ၊ အားထားခိုလှုံရာ မိခင် ဖခင်တို့သည် ကွယ်လွန်သည့်အခါ၌ မိနှင့်ဖအား တမ်းတကာ အဖုံဖုံသော တိုင်တည်မှုမျိုးတို့ဖြင့် ငိုယိုလေ့ရှိကြ၏။

"အို ... ဖခင်၊ ကျွန်ုပ်အား ဤမည်သော မှားယွင်းမှု၊ ဖခင်မနှစ်မြို့သောအမှုတို့ကို ဤမည်သော ကာလတစ်ပါး၌ ပြုကျင့်ခဲ့မိစဉ်ဖခင်သည် မျက်မာန်သဲသဲ၊ အုံစုံခဲ၍ မောင်းမဲဆူပူခဲ့၏။ နောင် အကျွန်ုပ်သည် ဤကဲ့သို့အမှုမျိုးကို ပြုလေက အဘယ်သူသည် ဖခင်၏ ကိုယ်စားလမ်းစဉ်မှားကို ဖြောင့်သွားစေလို ညွှန်ပြဆိုမည်နည်း"

"အို ... အဖ၊ နောက်နောင်ကာလ ဤဘဝလမ်းတစ်လျှောက်လုံးတွင် ဤသို့ ဖခင်မနှစ်ခြိုက် မကြိုက်သည့် အမှုမျိုးကို သားချစ်မပြုပါပြီ ဟု ဤမည်သော ဖခင်၏ ရုပ်ကလာပ်ရှေ့တွင် အဓိဋ္ဌာန်ပြုပါတော့သတည်း"

ဟု သားဖြစ်သူက ငိုမြည်တိုင်တန်း မျက်ရည်ပန်းဖြင့် မိ၊ ဖတို့ နှစ်ပါးရုပ်မကျွမ်းမီ အဓိဋ္ဌာန်ပြုလေ့ရှိ၏။

mgyoe.com

mgyoe.com


"အို ... အမိ၊ အမိကား အသက်ရှင်စဉ်ကာလ၌ သားစု သမီးစု အချင်းချင်း ခိုက်ရန်ပြုလေတိုင်း ဝိုင်းလှသောမျက်လုံးအစုံမှ တုန်တုန်လက်လက် တစက်စက်ကျစီးသော မျက်ရည်တို့ကိုပြကာ ... အို ... သားမိုက် သမီးမိုက်တို့ သင်တို့ကား တစ်မိဝမ်းတွင်း အူတုံ့ဆင်းသည့် ညီရင်းနှမ ဖြစ်ကြသည် မဟုတ်တုံလော။

သားမိုက် ... သင်သည် သင့်ညီငယ် နှမငယ်အား ယုတ်သော အမျိုးမှ ပေါက်ဖွားသူ မိခင်၊ ဖခင်နှစ်ပါး၏ စာရိတ္တ ညံ့ဖျင်းမှုကြောင့် ပေါက်ဖွားသူဟူသော ကြမ်းရုန်းသည့် ဆဲရေးမှုမျိုးကို ပြုဘိ၏။

အို ... သားမိုက်၊ သင်၏အမျိုး သင့်အရိုးကား အဘယ်ဒေသမှ သန္ဓေစခဲ့သနည်း၊ သင်၏ရုန့်ရင်းသည့် ဆဲရေးမှုများသည် သင့်အားပင် ဆဲရေးသည် မမည်ပါလော။

သားမိုက် ... သင်သည် ညီငယ်အား သတ်အံ့၊ နှမအား ဤ မည်သော အကြောင်းငယ်တစ်ခုကြောင့် ခြေလက်ကိုဖျက်ဆီးအံ့ ဟု ကြိမ်းဝါး၏၊ သင်သတ်သော ညီငယ်ကား အသတ်ခံရပြီးနောက် ကျွန်ဘဝမှ လွတ်မြောက်ပြီးသော် နာကျင်မှုပျောက်၍ သင်၏ ဖောက်ပြန်သောစိတ်ကို နောက်ထပ် အမှုသစ်မပေးတော့ပြီ၊ သို့သော် ... ညီငယ် ကွယ်ပျောက် ဘဝခြားသို့ ရောက်သည့်ကာလတွင် သင်၏အမိကား သွေးဖြင့်ပြည့်အပ်သော မျက်ရည်ယိုစီး၍ အော်ဟစ်ငိုညည်း ကြီးလှသော ဝေဒနာခံစားရမည်ကိုလည်းကောင်း၊ သင်၏နှမငယ် အခြား အခြားသော ဆွေနွယ်မျိုးဝါး တော်စပ်သူများတို့၏ သောကလောင်မီး ကူးစက်သည့် ကာလတွင် သင်လည်း ချည်ခင်စွပ် အောင်ပွဲရ၍ ဝမ်းမြောက်ရွှင်လန်းမှု ရနိုင်မည်လော ... ဟူသော ဆုံးမမှု သွန်သင်မှုမျိုးများကို အမိမဲ့ကြားလျှင် အဘယ်က ကြားရပါအံ့နည်း"

"အို ... အမိ၊ ငါတို့သည် ဖ ... မနှစ်ခြိုက်၊ မိ ... မနှစ်ခြိုက်သော

mgyoe.com

mgyoe.com



အမှုကိစ္စမျိုးများကို မပြုပါပြီ၊ မလုပ်ပါပြီ"

ဟု စီးကျသောမျက်ရည်ဖြင့် အလီလီတိုင်တည်မှု ပြုတတ်ကြလေ၏။

ယင်းကြောင့် မျက်ရည်သည် လူ့ဘဝ၌ မွေးစကပင် လူ၌ရအပ်သော လက်နက်ထူးတစ်ခုဖြစ်၍ ဤမျက်ရည်လက်နက်ကို သုံးစွဲလေတိုင်း လူတို့၏စိတ်တွင် အဓိဋ္ဌာန်တစ်ခုကို တည်ဆောက်ကိန်းဝပ်တတ်လေသည်ဟု ဆိုရပေမည်တည်း။

ဗိုလ်ချုပ် ကျဆုံးလေပြီးသည့်နောက် ဗိုလ်ချုပ်အတွက် တိုင်းကားပြည်သူ လူအပေါင်းတို့သည် ကျွန်ုပ်ကဲ့သို့ပင် မျက်ရည်ကျမိသူ အမြောက်အမြားရှိကြောင်း သိရပါသည်။

ရန်ကုန်မြို့တော်သူ မြို့တော်သားတို့ကား ဗိုလ်ချုပ်ကျဆုံးပြီးလျှင်ပြီးချင်း ပူပူနွေးနွေးရုပ်အလောင်းကို ရှုမြင်ကြလျက် မျက်ရည်စီးကျပြီးလျှင် စိတ်တွင် အဓိဋ္ဌာန်ဝင်ကြရလေသည်။

ထိုနောက် နယ်မှလူများလည်း ဤမည်သော ဗိုလ်ချုပ်၏ ရုပ်ကလာပ်ရှိရာ ဂျူဗလီရိပ်သာသို့ နေ့စဉ်နှင့်အမျှ သွားရောက်ကာ အဓိဋ္ဌာန်စကား မြွက်ကြားကြလေသည်။

အသင်းအဖွဲ့ပေါင်းများစွာတို့လည်း ဤနည်းနှင်နှင် မကြာခဏ တိုင်တည်ကြ အဓိဋ္ဌာန်ပြုကြလေသည်။

သူတို့ တိုင်တည်ကြသော စကားစုကို သတ္တုချကြည့်ပါက –

"အို ... ဗိုလ်ချုပ်၊ သင်မရှိသည့်နောက် ... ငါတို့သည် သင်ချစ်သော တိုင်းပြည်ကြီးကို မပြိုမကွဲ မပျက်မစီးရအောင် ထိန်းသိမ်းစောင့်ရှောက်ကြပါကုန်အံ့။

သင် ကြိုးပမ်းခဲ့သော ညီညွတ်မှု အစည်းအရုံးကြီးကို ရှေးထက်ဆတိုး အားသစ်အင်သစ်အမျိုးမျိုးဖြင့် ချစ်ကြိုးခိုင်ခိုင် ရစ်ပတ်ပြီးနောက်

mgyoe.com

mgyoe.com


ပိုမိုတောင့်တင်းရန် အားထုတ်ကြပါကုန်အံ့။

သင်ချမှတ်ခဲ့သော လမ်းကောင်းလမ်းစဉ်ဟူသမျှကို မြူမျှမတိမ်းအောင် ထိန်းသိမ်းလျက် ပြီးမြောက်အောင် ရွက်ဆောင်ကြပါကုန်အံ့”

ဟူသော အဓိဋ္ဌာန်ပေါင်းစုံဖြင့် အဓိဋ္ဌာန်ကြလေသည်။

ဗိုလ်ချုပ်ကား မရှိပြီ။

ဗိုလ်ချုပ်ကျဆုံးသည့်အချိန်ကား ၂ နှစ်ကျော်ကျူး ၃ နှစ်ရာသီသို့ ကူးမြောက်ခဲ့လေပြီ။

တိုင်းပြည်ကား သူတစ်လူ ငါတစ်မင်းနှင့် ချစ်တင်းပြုမည့်အစား စစ်ခင်းမှုကိုသာ အထပ်ထပ် ပြုကျင့်လျက်ရှိကြလေသည်။

ဗိုလ်ချုပ် ချစ်လှသော လူထုကား ဗိုလ်ချုပ် အမွေပေးခဲ့သော လွတ်လပ်ရေးအရသာကို ဆင်းနီတာလန်၊ ပြောင်းကြမ်းဆန်ကို လည်မျိုတွင်းသို့ သွတ်သွင်းသည့်အခါ သပ်ပင်းခံရသကဲ့သို့ လည်နင်နေသောအရသာမျိုးကြောင့် လွတ်လပ်ရေးကို ကြောက်ကြကုန်ပြီ။ လန့်ကြကုန်ပြီ။ နိုင်ငံရေးဟူသော စကားကို ကြားလျှင် အဖျားမတက်အောင် ဆေးဝါးကလေးများပင် မျိုထားကြချင်ပြီ။

အို ... ထိုစဉ်ကာလ ဗိုလ်ချုပ်ကျစဉ်က တတမ်းတတတသသနှင့် စီးကျသော မျက်ရည်ဥဖြင့် အဓိဋ္ဌာန်ပြုကြကုန်သော လူအပေါင်းတို့ ...

သင်တို့သည် ဤမည်သော လောကတွင် မျက်ရည်ကို သက်သေထား၍ တိုင်ကြားကြသော စကားစုကို –

မျက်ရည်သွေ့၍ မေ့ပြီလော ...

မျက်ရည်ခြောက်၍ ပျောက်ပြီလော ...

မျက်ရည်ကွယ်၍ ပြယ်ပြီလော ...

mgyoe.com

mgyoe.com



ဟူသော ဆောင်းပါးကို ယခင် ဆောင်းပါးဟောင်းတွင် ဖြည့်စွက်၍ ပေးလိုပါတော့သတည်း။

× × ×

## သောင်းကျန်းချိန်ခါ ပြည်မြန်မာ

ကေအင်ဒီအိုတို့သည် ရန်ကုန်အနီး အင်းစိန်၊ ကြို့ကုန်း စသည့် ဒေသများ၌ တပ်စွဲကာနေကြပြီ။

တိုက်ကြီးနယ်မှ အထက် ပြည်မြို့အထိ ရဲဘော်ဖြူများက သိမ်းပိုက်ထားသည်။

တောင်ကြီးမြို့ကို ကေအင်ဒီအို တို့က တိုက်ခိုက်သိမ်းယူသည်။

မန္တလေးအထိ မြို့ကြီးများကို ကွန်မြူနစ်အဖြူ ရဲဘော်ဖြူ စသည်တို့ လက်တွင်းသို့ ရောက်ရှိသွားသည်ဟူသော သတင်းများနှင့် မရှေးမနှောင်းပင်။ ကျွန်တော်နေသော ဒိစတြိတ်ကိုလည်း ရဲဘော်ဖြူများက သိမ်းပိုက်အုပ်ချုပ်လေတော့သတည်း။

အုပ်ချုပ်ရေးကို ကိုင်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်၏ အမြင်အတွေးမှာ ရဲဘော်ဖြူတို့ကား ခေါ်လှမ်းမှားရာလေပြီတကား ဟူသော တွေးတောမှုသည် စိတ်တွင် ဝင်စားမိ၏။ ရင်းနှီးခင်မင်သော မိတ်ဆွေအချို့ကိုပင် ပြောပြ၏။

လူထုသည် ဤကာလမတိုင်မီ ရဲဘော်များအပေါ်တွင် အထူးလေးစား ခင်မင်ကြ၏။ ထိုအချိန် ကာလတွင်သာ တိုင်းပြည်၌ ရွေးကောက်ပွဲသာဖြစ်ဘိမူ အမြို့မြို့ အရပ်ရပ်တို့တွင် ရဲဘော်တို့အားသာ လျှင် ရွေးကောက်တင်မြှောက်ကြမည်ဟု လူတိုင်းကပင် ဟောစာတမ်းထုတ်နေကြ၏။

တိုင်းပြည်သည် ရဲဘော်အတွက် မဟုတ်။

ရဲဘော်သည် တိုင်းပြည်အတွက် ဖြစ်သည်။

mgyoe.com

ဟူသော ရဲဘော်ဆောင်ပုဒ်လင်္ကာကလေးအရ တိုင်းပြည်လူထုသည် ရဲဘော်ကို အားကိုးလို၏။ ချစ်ခင်၏။ ပညာတတ်ခံနည်းပါးသည်။ နိုင်ငံရေးလုပ်ငန်းကို မကျွမ်းကျင် အချို့လူစုက ဘယ်လိုပင် ဝါဒဖြန့်စေကာမူ ရဲဘော်အား ချစ်မှု ခင်မှု အားကိုးလိုမှု မလျော့ကြပေ။

လူထု၏စိတ်တွင် ထင်မြင်မှုတစ်ခု မှားနေသေး၏။

အမြို့မြို့ အရွာရွာ အနယ်နယ် တို့တွင် ရဲဘော်သည် တိုင်းသူပြည်သား လူအများအား ဘေးအန္တရာယ်များမှ ကာကွယ်ပေးကာနေခြင်းမျှ ဖြစ်သည်။ အုပ်ချုပ်ရေးကိုမူကား မထိမကိုင်ဘဲ နေကြရာသည် ဟူသောစိတ်ဖြင့် လေးစားသည်ထက် လေးစားကြည်ညိုသည်ထက် ကြည်ညိုကြကုန်၏။

ရဲဘော်များသည် ကျွန်တော်နေသော ခရိုင်ကို စတင်သိမ်းပိုက်သောအချိန်ထိ ကျွန်တော်လည်း ဤသို့ပင် ထင်မြင်မိတော့၏။

ငွေတိုက်ကငွေများကို ရဲဘော်များက စာရင်းအင်းဖြင့် လက်ခံပြီးသော် အုပ်ချုပ်ရေးအရပ်ရပ်ကို အရေးပိုင်ကိုပင် ဆက်လက်ပေးထားရာမှ တစ်စစ နောက်ဆုံးတွင် အုပ်ချုပ်ရေး ကြီးကိုင်အဖွဲ့ စစ်ဦးစီးအဖွဲ့ ရိက္ခာထောက်ပံ့ရေး လမ်းပန်းဆက်သွယ်ရေး စသော ဌာနခွဲများနှင့် ဌာနကြီးကိုင်များကို ခန့်ထားလေသည့် အချိန်တွင်မူကား ကျွန်တော်သည် အတိတ်ရာဇဝင်မှ စာမျက်နှာတစ်ခုကို စိတ်တွင် ပြန်လည် ဖတ်ရှုမိပါတော့သတည်း။

အတိတ်ရာဇဝင်ကား မဝေးလှပါ။ ဤမည်သော ဘီအိုင်အေခေါ်သည့် အင်္ဂလိပ်အဆုတ် ဂျပန်တို့ မြန်မာပြည်တွင်းသို့ ဝင်ရောက်စဉ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် ချီတက်ရာ ဒေသများတွင် မြို့ရွာအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စဉ်က တွေ့ကြုံဖတ်ရှုလိုက်ရသော ရာဇဝင်သင်ခန်းစာပင် ဖြစ်ပါသည်။

mgyoe.com

mgyoe.com



သခင်ခေတ်သည် အင်္ဂလိပ်လက်ထက်တွင် လုံးဝတန်ဖိုးမဲ့နေရှာပါသည်။ 'သခင်တစ်ယောက် အိမ်ကိုရောက်မှ လန့်ကြောက်ဖွယ်ရာ ဘီလူးပမာသို့' ထင်ကြခြင်းခံရပါသည်။

သခင်နှင့်ယနေ့တွဲလျှင် နက်ဖြန် ထောင်ထဲမှာ အိပ်ရမည်လောက် ကြောက်လန့်ကြသဖြင့် သခင်ဆိုသော အမည်သည် လူတွေ၏ ရှောင်အပ်သော မကောင်းဆိုးဝါးစုကဲ့သို့ နေခဲ့သည်။

ဘီအိုင်အေ ခေတ်တွင်ကား သခင်ဈေး အလွန်ကောင်းလှလေသည်။ ရှေးယခင်က သခင်နာမည်ကို ကြောက်သလောက် ထိုခေတ်တွင် သခင်အမည်ကို လက်ဖက်မကမ်းဘဲ ပြောင်းလဲကာ သခင်ကျင့်မကျင့်ဘဲ ဘဝင်မြင့်ရောဂါတွေ ကပ်ငြိမှုကြောင့် ဘီအိုင်အေအဖွဲ့မှာ နာမည်ပျက်ရရှာလေသည်။

ယခုလည်း ဤနည်းနှင်နှင် ဖြစ်တော့အံ့ဟု ကျွန်တော်၏ ကြိုတင် ထင်မြင်ဟောပြောမှုများကား လက်ရိုးတွက်ကလေးပင် မတွက်ရ မချက်ရဘဲ မှန်လှပါသည်ဟု မိတ်ဆွေများက ဝန်ခံကြပါသည်။

ရှေးက မြင်းလှည်းမောင်းသူကလည်း ဗိုလ်လသာဖြစ်၍ အမိဒူဟာမြစ်ကလည်း အာကာအမည်ကို ခံယူလေသည်။ ယင်းကြောင့် ထိုအချိန်ကာလတွင် ဗိုလ်တွေကား သောင်းခြောက်ထောင် ငယ်သားတစ်ကောင်ဆိုရမလို သို့လည်းမဟုတ် နောက်လိုက်နောက်ပါ ဗိုလ်တစ်တွေနှင့် ငါတစ်ယောက်တည်းဟူသော ပွဲပြက်လုံးကဲ့သို့ ဖြစ်ကာနေတော့သည်။

ဗိုလ်ခင်မောင်မြင့် ဘွဲ့ခံ ဓားပြချစ်စိန်သည် ကျွန်တော်နေသော ကျေးလက်တွင် လာရောက် အုပ်ချုပ်ရပါသည်။

နောက်မကြာမီ ဘုံဆိုင်သို့ ဝင်ရောက်ရှာဖွေပြီး ဘိန်းအချို့ကို ဖမ်းဆီးသွားသည်။ ဘိန်းဟူသည်ကား လူထုကို ပျက်စီးစေသောအရာ

mgyoe.com

အလွန်ပင်ဆိုးဝါးသော လက်နက်ဖြစ်ခြင်းကြောင့် ဗိုလ်မင်းဖမ်းဆီးခြင်း ကား အလွန်သင့်တော် လျော်ကန်သော လုပ်ငန်းတစ်ရပ် ဖြစ်ပေသည်။

နောက် ဗိုလ်မင်းသည် လူထုအတွက် ဤ ဖမ်းမိသောဘိန်းကို အကျိုးရှိအောင် မည်သို့မည်ပုံ ပြုရမည်ကို အတိုင်ပင်ခံလူတစ်စုနှင့် ဗိုလ်ရှု ညီလာ ကျင်းပလေသည်။

မီးရှို့ပစ်သော် ဤမှူးတန်ဖိုးထိုက်လှသော ပစ္စည်းမှာ အဟောသိ ကံ ဖြစ်ချေမည်။

ရေမျှောလျှင်လည်း ထိုနည်းနှင်နှင် ဖြစ်မည်။ ကောင်းကင်သို့ ပစ်သော် မြေသို့အကျတွင် ဘိန်းစားများ အလုအယက် ကောက်မည်။ မြေသို့ပစ်လျှင်လည်း ထိုနည်းအတူ ဖြစ်တော့မည်ဖြစ်ခြင်းကြောင့် နောက်ဆုံးတွင် အလွန်ထူးကဲမွန်မြတ်လှသော အကြံကို ကြံမိမှ စိတ်အေး သွားရှာသည်။

ထိုအကြံမှာ ဘိန်းကို သူကိုယ်တိုင် စားသုံးပစ်ရန် ဖြစ်လေတော့ သတည်း။

နောက်ဆုံး၌ ထိုဗိုလ်ကား ဓားပြမှု၊ လုယက်မှု၊ မုဒိမ်းမှု၊ လူသတ်မှု စုစုရရ အမှုပေါင်းရာကျော်မှ မင်းဘူးတွင် ရဲဘော်တစ်ဦးက သုတ်သင်လိုက်ရတော့သည်။

'မိုက်ရဲလျှင် ခံရဲရမည်'ဟူသောစကားကို ကောင်းစွာသဘော ပေါက်သော ဓားပြဗိုလ်ဖြစ်ခြင်းကြောင့် သေမည့်နေ့နံနက်ကပင်။ ညနေ အထိ တစ်နေ့လုံးယောက်ျား ပီသစွာ ချုံးချငိုကြွေး၍ အသေခံသွားရ သည်ဟူသတတ်။

အုပ်ချုပ်ရေးလုပ်ငန်းကို စက်ယန္တရားနှင့် ပုံနှိုင်းခြင်းမှာ အလွန် ဆီလျော်လှသော ဥပမာပေးချက်ဟု ဆိုရပေမည်။

စက်ယန္တရားဟူသည်ကား မကိုင်ဖူး၊ မတွယ်ဖူး၊ မမောင်း မနှင်

mgyoe.com

mgyoe.com



ဖူးသောသူ မောင်းနှင်လေက ပျက်စီးချို့ယွင်းတတ်လေသည်။ အုပ်ချုပ်ရေးကိုလည်း မမောင်းတတ် မနှင်တတ်နှင့် မောင်းနှင်အုပ်ချုပ်လျှင် ပျက်စီးချို့ယွင်း အန္တရာယ် ဖြစ်တတ်လေသည်။

ရှေးယခင်က အင်္ဂလိပ်တို့အုပ်ချုပ်သော စက်ယန္တရားသည် အလွန်ခေတ်မမီ ရိုးသားလှသော စက်ယန္တရားဟုဆိုကြခြင်းကို ဤစာရေးသူ လက်ခံပါသည်။ သူတို့၏ ပုဒ်ထီးပုဒ်မအဝဝသည် သူတို့အင်ပါယာ တည်တံ့ရေးကို ရှေးရှုခြင်းဖြစ်ကြောင်းကား မှန်လှပါသည်။ သို့သော် ဂျပန်အတက်တွင် ထိုစက်ကြီးကို ဘေးထား၍ စိတ်ကူးနှင့်ဆင်ယင်အပ်သော အုပ်ချုပ်ရေးစက်ဖြင့် မောင်းနှင်ကြည့်သောအခါ မူလစက်လောက်ပင် အရာမရောက်သည်ကို တွေ့ရ၍ မူလစက်ဟောင်းစနစ်ကိုပင် ပြန်လည်သုံး၍ မူလစက်ဆရာများကိုပင် ဆက်လက်မောင်းကြရစေခြင်းကား လက်တွေ့ဖြစ်ပါသည်။

ယခုလက်ရှိအစိုးရ အုပ်ချုပ်နေသော မူစနစ်မှာလည်း မူလစက်ဟောင်းစနစ်မကင်းပေ။ ထိုသို့ မကင်းစေကာမူ စက်၏အစိတ်အပိုင်းများကို မူသစ် အကြံဉာဏ်သစ်ဖြင့် ထွင်ကာ ပြုပြင်နေကြောင်းကို ကောင်းစွာ သိမြင်နိုင်သည်။ ယခု အစိုးရပင်လျှင် တစ်ခါတစ်ခါ သာမန်တစ်စ တစ်စ ပြင်သင့်သော အစိတ်အပိုင်းကို အများအပြား တစ်ခါတည်းဖြုတ်မိ လဲမိ၍ စက်လှည့်စက်ပတ် ချို့ယွင်းကာ မည်မျှ ဒုက္ခများရသည်ကို တွေ့နိုင်လေသည်။

ယခု ပြည်တွင်းတိုက်ပွဲ ဆင်နွှဲနေကြသူများလည်း စက်ကိရိယာ၏အကြောင်းကို စာတွေ့ စိတ်ကူးဖြင့်သာ တွေ့ကြုံကြဖူး၍ တကယ်ကိုယ်တွေ့လုပ်ငန်း မကျွမ်းကျင်မှုများကြောင့် ပြည်သူလူထုမှာ ယခုတိုင် သူတို့၏ စက်ယန္တရား၏ ဝါးကြိတ်ခြင်းခံနေရသည်မှာ မျက်မြင်ကိုယ်တွေ့ဖြစ်သည်။

mgyoe.com

mgyoe.com


ဥပမာ လူထုအား တကယ်ပင် သက်သာချောင်ချိစေလိုသော စေတနာဖြင့် အခွန်မပေးရေးဟူသော မူကို ဆွဲ၍ အခွန်ကား မကောက်ခံကြပေ။ သို့သော် စေတနာ့ဝန်ထမ်းဖြင့် ထမ်းရွက်နေသော ပုဂ္ဂိုလ်တစ်စုအား နေ့စဉ် စားရေးသောက်ရာအတွက် ထမင်းထုပ်များ ပေးရမည်ဟုဆိုသဖြင့် ကျေးလက်ရှိ လူစုမှာ နေ့စဉ်လိုလို ထမင်းထုပ်များ ပေးနေရပါသည်။ ထမင်းတစ်ထုပ်၏တန်ဖိုးကား အနည်းဆုံး ခေတ်ကာလတန်ဖိုးဖြင့် တွက်က ရှစ်ပဲမျှတန်လေသည်။ တစ်နှစ်လျှင် သာမန်အိမ်ထောင်တစ်အိမ်ထောင် ထမ်းရွက်ပေးဆောင်ရသော အခွန်ကား ငွေတစ်ရာ့ရှစ်ဆယ်မှ နှစ်ရာမျှတန်လေသည်။

ဤတွင်သာလော မဟုတ်ချေသေး။ ကျေးလက်မြို့ရွာတို့တွင် အစုလိုက် အဝှမ်းလိုက် ထင်မြင်ကောက်ခံသော ကြေးအမျိုးမျိုးလည်း ရှိပေသေးသည်။ အခွန်ဟူသော ဝေါဟာရကို ကြေးဟူသောအခေါ်ဖြင့် ပြောင်းခြင်းမျှသာ ဖြစ်လေသည်။

အင်္ဂလိပ်လက်ထက်တွင် လူခွန်နှင့် သဿမေဒ အခွန်ဟူ၍ ရှိခဲ့ဖူးရာ ထိုအခွန်များကို ဖြတ်ပစ်ရန် နိုင်ငံရေးသမားများသည် အပူတပြင်း ပြောဟော ဆောင်ရွက်ကြပါသည်။

လူခွန်ကား အောက်မြန်မာပြည်တွင် မစုံလျှင် ၂ ကျပ် ၈ ပဲ၊ စုံလျှင် ၅ ကျပ်မျှဖြစ်၍ အထက်မြန်မာပြည်တွင် သမာဓိတင်ကာ သမာဓိထင်မြင်ကြေးဖြင့် ကောက်ခံပေသည်။

ထိုအခွန်ကို လွန်မင်းစွာ စက်ဆုပ်ရွံရှာကြသော လူထုသည် တစ်နှစ်တွင် ဆင်းရဲချမ်းသာမဟူ နေ့စဉ်အမျှ ဆက်သနေရသော ရိက္ခာခွန်ကို အဘယ်မှာ မငြီးငွေ့ မမုန်းတီးဘဲ နေတော့အံ့နည်း။

သို့သော် အကောင်းနှင့်အဆိုး၊ အလင်းနှင့်အမှောင်သည် ရှိစမြဲဖြစ်တော့သည်။ ယခုအချိန်အခါများတွင် ကျေးလက်မှ လူထုသည်

mgyoe.com

mgyoe.com



(စီဗစ်)ခေါ် တိုင်းရေးပြည်မှု သင်ခန်းစာကောင်းများ လေ့လာပြီးသား ဖြစ်နေကြသည်။

နေ့စဉ်အမျှ ထမင်းထုပ်ပေးနေရ၍ အခွန်ဆိုသည်ကား ရှေး မဟာသမ္မတမင်းမှ စ၍ ယနေ့ သူတို့အား အခွန်မပေးရဟု ကြေညာ ကာ စိုးမိုးအုပ်ချုပ်နေသူများ ကိုယ်တိုင်မပေးမနေရသော ကိစ္စတစ်ခုဖြစ်ရာ အကျက်ခွန် ဆက်သရသည်ထက် အခွန်စိမ်း ဆက်သရသည်က တော် သေးသည်ဟု ထင်မြင်ကြလေသည်။

အကျက်ခွန်ကား ရှူးပြီး ခပ်ပြီး ချက်ပြီး ပြုတ်ပြီး ထမင်းထုပ်။ အစိမ်းခွန်ကား ငွေကြေးသက်သက်ကို ဆိုလိုပါသည်။

ဤသို့ ဆက်သရသည့်အထဲတွင် ထိုစဉ်က နယ်ချဲ့မိစ္ဆာ ဗြိုလ်ရို ကရက် သွေးစုပ်ကောင်ဟု မိမိတို့ နားမလည်နိုင်သော နာမည်အမျိုးမျိုးကို တပ်ပြီး ခွေးခွန်၊ ဝက်ခွန်၊ ကြက်ခွန်၊ တိုက်ခွန်များထိ ကောက်လိမ့်မည် ဟု ပြောခဲ့သော စကားများသည် မိမိတို့အဖို့ တွေးလျှင် ကြက်သီးထခမန်း ဖြစ်ပေသော်လည်း ယခု ဒီမိုကရေစီသစ်ထူထောင်ရေး၊ လူတန်းစား မြှင့် တင်ရေး၊ ပစ္စည်းမဲ့လူတန်းစား ချမ်းသာရေးကို တကယ်တမ်း ဆောင်ရွက် တော့မည်ဟု ယုံကြည်ရသောလူများ လက်ထက်ကျမှသာ တကယ် ကိုယ်တွေ့ ဖြစ်နေခြင်းကြောင့် စိတ်ပျက်ညည်းညူကြခြင်းမှာ လူထုအား အဆိုးဆိုရချေမည်လော။

"ဟော့ ... တို့ ဟိုတုန်းက ဗိုက်ခွန်ဆိုတာဟာ မိန်းမတွေ ဗိုက် ရှိရင် ကောက်မယ့်အခွန်လား ထင်မိတယ်၊ ခုမှ နေ့စဉ် ထမင်းထုပ် ဆက်သနေရတော့မှ ဗိုက်ခွန်ရဲ့သဘောကို ငါ နားလည်မိတာပဲ"

ဟု ရင်းနှီးသူချင်း တိုးတိုးတိတ်တိတ် ပြောကြသည်များကို လည်းကောင်း၊

ဩော် ... သူတို့ ဟောပြောတုန်းက မင်း သေသေချာချာ ဂရု

mgyoe.com

mgyoe.com


မစိုက်လို့ပါကွာ၊ ပျက်စီးမဲ့ လူတန်းစားဆိုတဲ့စကားဟာ အထပ်ထပ် ပါတယ်၊ ဒီတော့ ... တို့တစ်တွေ ပျက်စီးတာဟာ ဘာမှ ညည်းနေစရာ မလိုပါဘူး"

ဟူသော စကားများကို ကြားရခြင်းအားဖြင့် လူထု၏အဆင့် တန်း အခြေအနေ စိတ်နေသဘောထားများကို သိရှိနိုင်လေသည်။

လင်ကို မယား နှစ်ဦးသာရှိရာ ကောက်စိုက်၊ ပျိုးနုတ်လိုက်၍ စားကြရရှာသည်တွင် ထမင်းထုပ်ရေးရာ တာဝန်ပျက်ကွက်ခြင်း မဖြစ် ရလေအောင် မယားသော်လည်းကောင်း၊ လင်သော်လည်းကောင်း၊ လုပ် ငန်းမဆင်းရဘဲ ထမင်းချက်နေရသည်။

ထမင်းထုပ်ရာတွင် ဟင်းမပါလျှင် မဖြစ်ခြင်းကြောင့် မိမိတို့ ကိုယ်တိုင် ဟင်းနှင့် မစားရရှာဘဲ ထမင်းထုပ်ထဲသို့ ထည့်ရသည်များ ကြောင့် ဆင်းရဲသား လူထု စိတ်ပျက်ကြသည်ကို အဆိုးဆိုပေမည်လော။

ကျေးလက် ကျောမွဲများသာလော။

မဟုတ်တုံသေးပေ။

ကျေးလက်တောရွာတစ်ရွာတွင် လူတန်းစားခွဲပါက ကျောမွဲ လူတန်းစားနှင့် လူလတ်တန်းစားဟူ၍ ၂ မျိုးခွဲနိုင်ပေသည်။ ယင်းသည် လူလတ်တန်းစားများကိုပင် ကျေးလက်တွင် ဓနရှင်ဟူ၍ အမည်ပေးခြင်း ခံကြရသည်။

ရှေးက လယ်မြေ ယာမြေ အတော်အသင့် ပိုင်ဆိုင်သော လူ လတ်တန်းစားများ၏ ကြမ္မာကိုလည်း ဆန်းစစ်ဝေဖန်ကြရန် လိုသည်။

သူတို့ကား ယခင်ခေတ်များတွင် လယ်ယာပိုင်ဆိုင်မှုသည် သွေး စုပ်ကောင်၊ ခေါင်းပုံဖြတ်သမား စသော အမည်များ မပေါ်ပေါက်သေး ခြင်းကြောင့်လည်းကောင်း ကျေးလက်များတွင် ငွေကြေးပိုလျှံအောင် လုပ် ကိုင်ပြီး ရသမျှငွေကြေးကို မည်သို့ ရင်းနှီးပါက နောင်ရေးအတွက်

mgyoe.com

mgyoe.com



ကောင်းမည်ကို မသိနားမလည်ကြ၍လည်းကောင်း၊ လယ်မြေ ယာမြေကလေးများကို ဝယ်ယူထားမိကြသည့် အခြောက်တိုက်တရားခံများဖြစ်နေကြရရှာသည်။

ထိုစဉ်အခါက ၎င်းတို့ မြှုပ်နှံရင်းနှီးခဲ့သော ငွေကြေးတန်ဖိုးမှာ ယခုထက် လေးဆအနည်းဆုံး ပိုမို၍ တန်ဖိုးရှိကြပေသည်။

ယခုအခါ ကုန်သည်တစ်ဦး၏ ရင်းနှီးငွေသည် တစ်လလျှင် ငွေရင်း ၁၀၀ ကျပ်တွင် ၁၀ ကျပ်မှ ၁၀၀ကျပ်ထိ မြတ်စွမ်းနိုင်လေသည်။ အစိုးရ ကန့်သတ်ထားသည့် ပြင်ပငွေချေးခြင်း၊ အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁၈ ကျပ် သတ်မှတ်ထားပေသည်။ ငွေတစ်ထောင်တွင် ၁၈၀ ကျပ်မျှ ဝင်နိုင်သည်။

ထို လူလတ်တန်းစား ရင်းနှီးထားသည့် ငွေတစ်ထောင်မျှ တန်ဖိုးရှိသည့် လယ်မြေ၏ အခွန်မှာ ၃၀ ကျပ်ထက်မများခြင်းကြောင့် အစိုးရအုပ်ချုပ်သော နယ်များတွင် လယ်ပိုင်ရှင်ကလေးများမှာ ၃၀ ကျပ်မျှသာ ဝင်ငွေရှိရှာသည်။

ရန်ကုန်မြို့တွင် သွင်းကုန်လိုင်စင်ရသူတစ်ဦး၏ ဝင်ငွေမှာ ငွေရင်း၏ တစ်ဆမှ ဆယ်ဆထိ အကျိုးရှိနေလေရာ ထိုလူများမှာ သွေးစုပ်သူများမဟုတ်ဘဲ တစ်ကောင်လုံးမျိုသူများဟုပင် မှည့်ခေါ်သင့်ပေသော်လည်း သူတို့မှာ အမည်တပ်မခံကြရပေ။

တော်လှန်ရေးတပ်များ အုပ်ချုပ်သော နယ်တွင်မူ လယ်မြေကို လူတိုင်း ဝေခြမ်း၍ လုပ်ကိုင်စေလေသည်။

လူလတ်တန်းစားကလေးများမှာကား ဝင်ငွေ တစ်ပြားမှ မရှိသည့်အထဲ ခွဲကြေး၊ ခန့်ကြေး အမျိုးမျိုးတို့ကို ရှေးက ကျေးလက်စနေရှင်ဟူသောအမည်ကြောင့် အထူးတလည် ပေးဆပ်ကြရပြန်သည်။

လူလတ်တန်းစားတွေကား နာပြီး၍ နံကြရရှာပြီ။

mgyoe.com